ကုလသမဂ္ဂ A/HRC/57/56

အထွေထွေ ညီလာခံ

ဖြန့်ချီ - အများ ဖတ်ရှုနိုင်ရန်
၄ စက်တင်ဘာလ ၂၀၂၄ ခုနှစ်

မူရင်း ဘာသာစကား - အင်္ဂလိပ်

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**

**ငါးဆယ့်-ခုနှစ်ကြိမ်မြောက် အစည်းအဝေး**

၉ စက်တင်ဘာလ - ၉ အောက်တိုဘာလ၊ ၂၀၂၄ ခုနှစ်

အစီအစဉ် အမှတ် ၂ နှင့် ၄

**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်**

**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ**

**လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေများ**

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ အစီရင်ခံစာ*

*အစီရင်ခံစာ အနှစ်ချုပ်*

ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၅၂/ ၃၁ အရ ပြင်ဆင်ထားသော ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ အပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ စောင့်ကြည့်လေ့လာမှုနှင့် ဆန်းစစ် အတည်ပြုချက်များ အပေါ် အခြေခံသည့် တွေ့ရှိချက်များကို တင်ပြထားပါသည်။ အစီရင်ခံစာတွင် လူထု၏ စိတ်ကျန်းမာရေး အပေါ် ပဋိပက္ခ၏ သက်ရောက်မှု၊နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်း၊ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများက ပေးသော စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ၏ ကောင်းမွန်သော အလေ့အထကို ဆန်းစစ် လေ့လာထားခြင်းဖြင့် အဆုံးသတ်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာ စစ်တပ်၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုက်အဝန်းသို့ အကြံပြု တိုက်တွန်းချက်များဖြင့် နိဂုံးချုပ်ထားပြီး တာဝန်ခံမှု ရှိစေရေး အတွက် အကြံပြုချက်များလည်း ပါဝင်ပါသည်။

* ယခုအစီရင်ခံစာ၌ နောက်ဆုံးရ သတင်း အချက်အလက်များ ပါဝင်စေရန် အလို့ငှာ နောက်ဆုံး သတ်မှတ်ရက် ကျော်လွန်ပြီးမှ ညီလာခံ ဝန်ဆောင်မှု ဌာနသို့ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။



Please recycle

# ၁။ နည်းစနစ်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် (၅၂/ ၃၁) အရ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်လေ့လာရန်၊ အထူးသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေများကို ချိုးဖောက်သည်ဟု စွပ်စွဲထားသော ကိစ္စရပ်များ၊ တရားဥပဒေ စိုးမိုးရေး ဆိုင်ရာ ကိစ္စရပ်များနှင့် လက်ရှိနှင့် ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ အပြင် လူ့အခွင့်အရေး ကောင်စီ၏ (၅၇) ကြိမ်မြောက် အစည်းအဝေး၌ အသေးစိတ် အစီရင်ခံစာ တစ်စောင် တင်သွင်းနိုင်ရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)အား တောင်းဆိုခဲ့သည်။

၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ ကာလအကြား ဆောင်ရွက်ခဲ့သော အဝေးမှ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် အတည်ပြုခြင်း အပေါ် အခြေခံ၍ ရှာဖွေတွေ့ရှိချက်များအား ထုတ်ပြန်ခဲ့ပါသည်။ သင့်လျော်သည့် နေရာတွင် မြန်မာ စစ်တပ် (စစ်တပ်)က ကျူးလွန်ခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ၊ မြန်မာနိုင်ငံရှိ အခြား အဖွဲ့အစည်းများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေအား ချိုးဖောက်မှုနှင့် ဖောက်ဖျက်မှုများကို ယခင် (OHCHR) ရုံးက ထုတ်ပြန်ခဲ့သော အစီရင်ခံစာများဖြင့် ကိုးကား ဖော်ပြထားပါသည်။ (OHCHR) သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက် အတွင်း ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ အပါအဝင် တွေ့ဆုံမေးမြန်းမှု ၃၃၆ ကြိမ်၊ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ရှေ့နေများ၊ အကျဉ်းသား အရေး ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ခေါင်းစဉ် အကြောင်းအရာ အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အကြံယူ ဆွေးနွေးမှု ၁၈ ကြိမ် အပါအဝင် ဂြိုလ်တု ဓာတ်ပုံများ နှင့် တရားဝင် ထုတ်ပြန်ထားသည့် စာရွက်စာတမ်းများကို လေ့လာ ဆန်းစစ်ခဲ့ပါသည်။

၃။ (OHCHR) သည် “ထိခိုက်နစ်နာမှု မရှိစေရေး” (Do no harm) အခြေခံမူကို အခြား အချက်များထက် ပို၍ ဦးစားပေးခဲ့ပါသည်။ သက်ဆိုင်ရာ အချက်အလက်များ ဖော်ပြထားသည့် အတိုင်း ဖြစ်ပွားခဲ့ကြောင်း ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းများ ရှိသည့် နေရာတွင် အချက်အလက် အခြေပြု ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ (OHCHR) သည် မြန်မာ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် မရှိခြင်း၊ စစ်တပ်က နိုင်ငံ၏ နေရာ အနှံ့အပြားတွင် ဆက်သွယ်ရေးလိုင်းများအား ကန့်သတ်ခြင်းနှင့် ဖြတ်တောက်မှုများကြောင့် အချက်အလက် ကောက်ယူရန်နှင့် အတည်ပြုရန် အခက်အခဲများကြောင့် အတည်ပြုထားသော သေဆုံးမှုနှင့် အခြား လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ ကိန်းဂဏန်းများသည် လက်တွေ့ အခြေအနေထက် လွန်စွာ လျော့နည်းနေမည်မှာ သေချာပါသည်။ အချက်အလက်များအား ရှာဖွေအတည်ပြုရာတွင် အချိန် ကြာမြင့်မှုများ မကြာခဏ ဖြစ်ပျက်လေ့ရှိပါသည်။ ထို့အပြင် ဖမ်းဆီးထိန်းသိမ်းခံရပြီး လတ်တလော လွတ်မြောက်လာသူများ အပါအဝင် ကျူးလွန်ခံရသူ များစွာသည် ပုန်းအောင်းနေရလေ့ ရှိသဖြင့် အင်တာဗျူးရန် ၎င်းတို့၏ စိတ်ဆန္ဒရှိမှု သို့မဟုတ် ဖြေကြားနိုင်စွမ်းတို့မှာ သိသိသာသာ လျော့နည်းပါသည်။ ရလဒ်အားဖြင့် ဤအစီရင်ခံစာတွင် အသုံးပြုထားသော ဥပမာ အချို့သည် အစီရင်ခံသည့် ကာလ ပြင်ပတွင် ဖြစ်ပွားခဲ့သော်လည်း အစီရင်ခံသည့် ကာလအတွင်း၌သာ သိရှိခဲ့ခြင်း သို့မဟုတ် အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လွတ်လပ်ခွင့် ဆုံးရှုံးစေသော ဖမ်းဆီးထိန်းသိမ်းသည့် “အစိုးရဆိုင်ရာ တရားဝင်”နေရာများ ဟူသည်မှာ ရဲစခန်းများ၊ ထိန်းသိမ်းရေး စခန်းနှင့် စစ်ကြောရေး စခန်းများ၊ အကျဉ်းထောင်များနှင့် အခြား အစိုးရ ရုံးနေရာများကို ဆိုလိုပါသည်။ လူများအား အချိန် အကန့်အသတ် မရှိ ထိန်းသိမ်းဖမ်းဆီးထားသည့် အခြား နေရာအားလုံးကို လွတ်လပ်ခွင့် ဆုံးရှုံးစေသော ဖမ်းဆီးထိန်းသိမ်းသည့် “တရားဝင် မဟုတ်သော” နေရာများဟု သုံးနှုန်းပါသည်။ “ဖမ်းဆီးထိန်းသိမ်းသည့် အာဏာပိုင်များ” ဟူသည်မှာ အစဉ်တစိုက် ခွဲခြားသတ်မှတ်၍ မရသော်လည်း စစ်တပ် စီမံခန့်ခွဲသော ဖမ်းဆီး ထိန်းသိမ်းရေး နေရာများတွင် တာဝန်ထမ်းဆောင်သော ရဲများ၊ စစ်ဆေးမေးမြန်းသူများ၊ အစောင့်များနှင့် စစ်သားများ အပါအဝင် လူပုဂ္ဂိုလ်များကို ဖော်ပြသည့် အသုံးအနှုန်း ဖြစ်သည်။

## ၂။ အဖွင့်မိတ်ဆက်

၄။ ဤအစီရင်ခံစာ၌ မြန်မာနိုင်ငံ အတွင်း ဖြစ်ပေါ်နေသည့် အကျပ်အတည်းများနှင့် တရားဥပဒေ စိုးမိုးရေး မရှိခြင်းအား ညွှန်ပြသည့် အဆိုးရွားဆုံး အခြေအနေများကို အထူး အလေးပေးကာ နိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုကို အဓိကထား ဖော်ပြထားပါသည်။ တရားဥပဒေ စိုးမိုးမှု ရှိမရှိကို အကဲဖြတ်ရာတွင် တရားဥပဒေ စိုးမိုးရေး အတွက် တာဝန်ရှိသော အဓိက အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဥပဒေအား ၎င်းအဖွဲ့အစည်းများက လေးစားလိုက်နာခြင်း ရှိမရှိကို ဤအစီရင်ခံစာအားဖြင့် စိစစ်ထားပါသည်။ ဖော်ပြပါ အခြေအနေများအား ခံစားရသူ အရေအတွက်သည် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် တိုးပွားလာသည်ဖြစ်ရာ စိတ်ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် စိုးရိမ်ပူပန်ဖွယ်ရာများကို ဤအစီရင်ခံစာတွင် အကျဉ်းချုပ် တင်ပြထားပြီး လက်ရှိ အကျပ်အတည်းကို ဖြေရှင်းရန် အတွက် ၎င်းတို့၏ အရေးပါပုံကိုလည်း အလေးပေး ဖော်ပြထားပါသည်။ ရရှိနိုင်သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး စိတ်ကျန်းမာရေး လိုအပ်ချက် ပမာဏနှင့် ၎င်းဆိုင်ရာ အခြေအနေ တိုးတက်မည့် အခွင့်အလမ်းများကို ဤအစီရင်ခံစာ၌ အလေးပေး ဖော်ပြထားပါသည်။ ထို့အပြင် ဝန်ဆောင်မှု ပေးရာတွင် မြေပြင်အဆင့်အထိ လိုအပ်ချက်များကို ဖြည့်ဆည်းနေသော ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများ၏ ပုံဥပမာကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားပြီး ၎င်းဆောင်ရွက်ချက်များကြောင့် လက်ရှိ အခြေအနေ အပေါ် သိသာထင်ရှားကာ အပြုသဘော ဆောင်သည့် သက်ရောက်မှုများ ဖြစ်စေခဲ့သည်။

၅။ မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေကြောင့် လူထု၏ စိတ်ကျန်းမာရေး အပေါ် သက်ရောက်မှုများအား ဤအစီရင်ခံစာ၌ စူးစမ်းလေ့လာထားပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ၎င်း၏ စိတ်ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်စွမ်းအား နိုင်ငံ၏ စိတ်ကျန်းမာရေး ဝန်ဆောင်မှု လိုအပ်ချက်များနှင့် နှိုင်းယှဉ်ပါက အစဉ်တစိုက် လိုအပ်ချက် ရှိနေပါသည်။ သို့သော် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ရပ်ရွာ အခြေပြု အဖွဲ့များသည် အရေးတကြီး လိုအပ်ချက် အချို့ကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထိခိုက်လွယ်သူများ၏ အမှန်တကယ် လိုအပ်ချက်အား ဖြေရှင်းရန် ဒီဇိုင်း ဆင်ထားသော လုပ်ငန်း အစီအစဉ်များနှင့် ကနဦး လှုပ်ရှားမှုများကို အကောင်အထည် ဖော်ခြင်း အားဖြင့် လက်ရှိ ပစ္စုပ္ပန်နှင့် အနာဂတ် လိုအပ်ချက်များအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် စုပေါင်းဆောင်ရွက်နိုင်မည့် ဧရိယာ နယ်ပယ်များကို ဤအစီရင်ခံစာမှ တင်ပြဆွေးနွေးထားပါသည်။

၆။ လက်ရှိ အကျပ်အတည်းများ ပြီးဆုံးသွားမည့် နေ့ရက်ကို စောင့်စားနေသည်ထက် လက်ရှိ အရေးပေါ် အခြေအနေများအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် အကြံပြုချက်များသည် လူ့အခွင့်အရေး အကျပ်အတည်းအား အဆုံးသတ်နိုင်ရန် နိုင်ငံတကာ၏ အာရုံစိုက်မှု ပိုမို လိုအပ်ကြောင်း အလေးပေး ဖော်ပြထားပါသည်။ အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ)မှ နယ်စပ် ဖြတ်ကျော်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်မှု တိုးမြှင့်ဆောင်ရွက်ရန် လတ်တလော ကြိုးပမ်းမှုများတွင် နိုင်ငံအတွင်းရှိ အာဏာပိုင် အဖွဲ့အစည်း များစွာနှင့် ပို၍ ထိတွေ့ဆက်ဆံရာတွင် ဆန်းသစ်သည့် နည်းလမ်းများ ပိုမို လိုအပ်ကြောင်း ပြသခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် ၂၀၂၄ ခုနှစ်၊ ဇွန်လဆန်းပိုင်း၌ အရှေ့တောင် အာရှ ဒေသတွင်း နိုင်ငံများသို့ သွားရောက်သည့် ခရီးစဉ် အတွင်း အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ပြည်ပရောက် မြန်မာလူထုနှင့် တွေ့ဆုံခဲ့ရာ ၎င်းတို့က မြေပြင် အခြေစိုက် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အခြား ယန္တရားများမှ တစ်ဆင့် နယ်စပ် ဖြတ်ကျော်ကာ အထောက်အပံ့များအား တိုက်ရိုက် ပေးအပ်ရေးနှင့် ရံပုံငွေ ထောက်ပံ့ရေးအား ပိုမို ဆောင်ရွက်နိုင်ရန် မဟာမင်းကြီးကို တောင်းဆိုခဲ့ကြသည်။ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရာ နေရာများ၌ ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများအား ထိရောက်စွာ ပုံမှန် လည်ပတ်နိုင်ခြင်း မရှိသည့် အခြေအနေတွင် သမားရိုးကျ နယ်စပ် ဖြတ်ကျော်သည့် နည်းဖြင့် အကူအညီများ ပေးအပ်ရာတွင် မြန်မာ စစ်တပ်နှင့် ၎င်းတို့ကို ဆန့်ကျင်တိုက်ခိုက်သူများ အကြား အထောက်အပံ့ ပေးအပ်ခွင့် ရှိသူနှင့် ဆက်စပ်၍ သဘောထား ကွဲလွဲမှုများကြောင့် အမှန်တကယ် လိုအပ်နေသူများထံ အကူအညီများ ရောက်ရှိဖွယ် မရှိကြောင်း ၎င်းတို့က မဟာမင်းကြီးအား ပြောကြားခဲ့ကြသည်။ သမားရိုးကျ အကူအညီ ပေးအပ်မှုများသည် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ထိုင်းနိုင်ငံမှ စတင်ခဲ့သော နယ်စပ် ဖြတ်ကျော် အကူအညီပေးရေး ကြိုးပမ်းမှုများကို ထိခိုက်စေကြောင်း အရပ်ဘက် လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်များက အလေးပေး ပြောကြားခဲ့သည်။ ထိုအဖွဲ့အစည်းများက ၎င်းတို့၏ ဝန်ဆောင်မှုပေးရေး ကြိုးပမ်းမှုများကို တိုးချဲ့နိုင်ရန်၊ အထူးသဖြင့် ညှင်းပန်း နှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကဲ့သို့ ဆိုးရွားသော လူ့အခွင့်အရေး

ချိုးဖောက် ခံရသူများ အတွက် အထူး ကာကွယ်စောင့်ရှောက်မှု၊ ဆေးဝါးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးအပ်နိုင်စွမ်း အပါအဝင် စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များကို ပို၍ ပံ့ပိုးကူညီပေးရန် တောင်းဆိုခဲ့ကြသည်။

၇။ အစီရင်ခံသည့် ကာလအတွင်း လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံသည် အာဆီယံ အသင်း၏ ဥက္ကဋ္ဌ တာဝန်ကို လက်ခံရယူခဲ့ပြီး များမကြာမီ မြန်မာနိုင်ငံ အတွက် အာဆီယံ အထူး ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ဂျူလီ ဘစ်ရှော့အား ၎င်း၏ အထူး ကိုယ်စားလှယ် အဖြစ် ခန့်အပ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မေလတွင် သူမသည် စတင် တာဝန် ထမ်းဆောင်သည်။

# ၃။ ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် လက်နက်ကိုင် ပဋိပက္ခ အခြေအနေ

၈။ ၂၀၂၃ ခုနှစ်၊ ဖေဖဝါရီလတွင် နောက်ဆုံး အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်[1] မြန်မာ စစ်တပ်၏ အကြမ်းဖက် လုပ်ရပ်ဖြင့် စစ်မှုထမ်း ခေါ်ယူခြင်း၊ သတ်ဖြတ်ခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်းနှင့် နေရပ်စွန့်ခွာရခြင်းတို့သည် အရပ်သား လူထု၏ နေ့စဉ်ဘဝသက်တာ အပေါ် ဆက်လက် သက်ရောက်နေပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှု နောက်ပိုင်း အရပ်သား ၅,၃၅၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဤအစီရင်ခံစာ ရေးသားသည့် ကာလအတွင်း လူပေါင်း ၂,၄၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ လူငယ် အများအပြားသည် စစ်မှုထမ်းခြင်းမှ ရှောင်ရှားနိုင်ရန် နိုင်ငံရပ်ခြားသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။

၉။ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးသည် အစီရင်ခံသည့် ကာလအတွင်း ဆက်လက် ဆုတ်ယုတ်ခဲ့ပြီး အကြမ်းဖက်မှုကြောင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်များ အပေါ် တဖြည်းဖြည်း သက်ရောက်မှု ရှိလာကာ စီးပွားရေးလည်း ပိုမို ကျဆင်းလာခဲ့သည်။ မြန်မာ စစ်တပ်က ၎င်းတို့အား ဆန့်ကျင်သည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သား လူထု အပေါ် လက်တုံ့ပြန်သည့် လုပ်ရပ်များကြောင့် အရပ်သားများ အပေါ် ကြီးမားစွာ သက်ရောက်မှု ရှိခဲ့ပြီး သိန်းနှင့် ချီသော ပြည်သူများကို အဓမ္မ နေရပ်စွန့်ခွာစေခဲ့ကာ မြန်မာ တစ်နိုင်ငံလုံးတွင် နေရပ်စွန့်ခွာသူ စုစုပေါင်း ၃ သန်းကျော် ရှိစေခဲ့သည်။ လူသားချင်း စာနာထောက်ထားမှု အကူအညီ လိုအပ်နေသူ ၁၈.၆ သန်းကျော် ရှိပြီး လူပေါင်း ၁၅ သန်းကျော်မှာ စားနပ်ရိက္ခာ ဖူလုံမှု မရှိကြပေ။ လူဦးရေ ထက်ဝက်ကျော်သည် အာဏာသိမ်းပြီးနောက်ပိုင်း ဆင်းရဲမွဲတေမှု မျဉ်းအောက်သို့ ရောက်သွားကာ နိုင်ငံ၏ ဂျီဒီပီ (စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး)မှာ ပျမ်းမျှအားဖြင့် ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UNDP) ၏ အချက်အလက်များ အရ ၎င်းတို့၏ စစ်တမ်း ဖြေကြားသူ ၄၉.၇ ရာခိုင်နှုန်းသည် တစ်နေ့လျှင် အမေရိကန် ဒေါ်လာ ၇၆ ပြားဖြင့်သာ နေထိုင်နေရကြောင်း၊ “မြို့နေ လူလတ်တန်းစား” အဖြစ် သတ်မှတ်နိုင်သော အိမ်ထောင်စုများသည် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ စ၍ ၅၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အစီရင်ခံခဲ့သည်။[2] မြန်မာ စစ်တပ်က ထုတ်ပြန်သတ်မှတ်ခဲ့သည့် ငွေကြေးထိန်းချုပ်မှု အစီအမံများသည် ပို့ကုန်၊ သွင်းကုန် နှစ်ရပ်စလုံး အပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက်စေခဲ့ပြီး ငွေကြေးတန်ဖိုးမှာလည်း ၂၀၂၄ ခုနှစ်၊ အစောပိုင်းမှ ငွေကြေး တန်ဖိုး၏ ၁၆ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။ မြန်မာ စစ်တပ်သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ နှောင်းပိုင်းမှ စ၍ နိုင်ငံ၏ နယ်စပ် နယ်နိမိတ် အများစုကို လက်လွှတ်ဆုံးရှုံးခဲ့သဖြင့် အကောက်ခွန် ဝင်ငွေများ သိသိသာသာ ဆုံးရှုံးခဲ့သည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ လက်နက်ကိုင် ပဋိပက္ခကြောင့် ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အကျပ်အတည်းများနှင့် အတူ လျှပ်စစ်မီး မပေးနိုင်မှုကြောင့် စီးပွားရေး လုပ်ငန်းများ အခက်ကြုံရသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် နိုင်ငံရပ်ခြားမှ ကုမ္ပဏီများသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားပြီးနောက် အလုပ်အကိုင် အခွင့်အလမ်း ကင်းမဲ့ခြင်း အပါအဝင် ငွေကြေးဖောင်းပွမှု

[1] A/HRC/53/52.

[2] https://www.undp.org/myanmar/publications/poverty-and-household-economy-myanmar-disappearing-middle-class.

မြင့်မားခြင်းနှင့် လုပ်သား ရရှိရန် အကန့်အသတ်များ ရှိလာခြင်းသည် စီးပွားရေး ဆိုင်ရာ ဆိုးရွားသည့် အခြား စိုးရိမ်ဖွယ်ရာများကို ပေါ်ပေါက်စေပါသည်။[3]

၁၀။ တိုက်ပွဲများ ပိုမို ပြင်းထန်လာခြင်းနှင့် အထူးသဖြင့် အရည်အချင်းရှိသော ကျန်းမာရေး ဝန်ထမ်းများနှင့် ကျောင်းဆရာ/ဆရာမများ မလုံလောက်မှုကြောင့် ထိခိုက်ခံစားရသော ပြည်သူလူထုသည် စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများလည်း ဆုံးရှုံးလာခဲ့သည်။ အဓိကအားဖြင့် ကျန်းမာရေး စောင့်ရှောက်သည့် နေရာများနှင့် စာသင်ကျောင်းများအပေါ် သိသိသာသာ သက်ရောက်ခဲ့ပြီး အထင်ကရ အဖွဲ့အစည်းများ၏ အစီရင်ခံ တင်ပြချက်များ အရ မြန်မာစစ်တပ်က ပစ်ခတ် တိုက်ခိုက်မှုကြောင့် ကျန်းမာရေး စောင့်ရှောက်ရာ အဆောက်အအုံ ၁၈၃ ခု ထက်မနည်း ထိခိုက်ပျက်စီးခဲ့သလို နောက်ထပ် ကျန်းမာရေး အဆောက်အအုံ ၇၃ ခုကိုလည်း စစ်တပ်က ဝင်ရောက် တပ်စွဲထားဆဲဖြစ်သည်။ ဤအစီရင်ခံစာ ရေးဆွဲပြင်ဆင်သည့် ကာလအတွင်း ကျန်းမာရေး ဝန်ထမ်း ၁၆၈ ဦးထက် မနည်း သေဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီးခံနှင့် ပြန်ပေးဆွဲခံခဲ့ရကြောင်း သိရသည်။ အစီရင်ခံသည့် ကာလအတွင်း အများသူငါ လေ့လာနိုင်သော သတင်းရင်းမြစ်များ အရ ပညာရေး အဆောက်အအုံများအား ပစ်ခတ်တိုက်ခိုက်မှု ၂၃၉ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့ကာ ထိုသို့ တိုက်ခိုက်မှုကြောင့် ပညာရေး ဝန်ထမ်း ၇၃ ဦးထက် မနည်း သေဆုံးခဲ့သည်။[4] မြန်မာ စစ်တပ်နှင့် ၎င်းအား ဆန့်ကျင်သော လက်နက်ကိုင် အဖွဲ့အစည်းများ၏ လက်နက်ကိုင် အကြမ်းဖက်မှုကြောင့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန် ဘုရားကျောင်းနှင့် စေတီပုထိုးများ အပါအဝင် ဘာသာရေး အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်မှုပေါင်း ၂၂၆ ကြိမ်ထက် မနည်း ဖြစ်ပွားခဲ့သည်။

၁၁။ မြန်မာစစ်တပ်က သတင်း အချက်အလက် ရယူမှုနှင့် အင်တာနက် သုံးစွဲမှု အပေါ် ကန့်သတ်သည့် လုပ်ရပ်များကြောင့် နိုင်ငံ အတွင်း သိသာထင်ရှားသော ဒေသများ၊ အထူးသဖြင့် ပဋိပက္ခ ဘေးဒဏ်သင့် ဒေသရှိ လူပုဂ္ဂိုလ်များ အပေါ် သက်ရောက်မှုများ ဆက်လက် တည်ရှိနေပါသည်။ ရခိုင်၊ စစ်ကိုင်း၊ မကွေးနှင့် နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသများတွင် အင်တာနက်လိုင်း ကန့်သတ်ဖြတ်တောက်မှုများကြောင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ သတင်း အချက်အလက် ရရှိမှု အပြင် လူတစ်ဦးချင်း၏ အလုပ်အကိုင်၊ ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းများ၊ အွန်လိုင်း ဝန်ဆောင်မှု အပေါ် အခြေခံသော ပညာရေးနှင့် အခြား အရေးပါသော ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများမှာ သုံးစွဲသူ လျော့နည်းလာပါသည်။ သီးခြား လွတ်လပ်သော သတင်း မီဒီယာများ အပေါ် မြန်မာ စစ်တပ်မှ ချမှတ်ထားသည့် ကန့်သတ်ပိတ်ပင်မှုများသည် အင်တာနက် ဖြတ်တောက်မှုနှင့် Facebook အပါအဝင် အင်တာနက် ဝက်ဘ်ဆိုက် စာမျက်နှာ ဒါဇင်ပေါင်းများစွာကို ပိတ်ပင်မှုကြောင့် ခံစားရသည့် သက်ရောက်မှုများကို ပိုမို ဆိုးရွားစေပါသည်။

၁၂။ နိုင်ငံအဝှမ်းတွင် ဤအစီရင်ခံစာ ရေးသားသည့် ကာလအတွင်း တိုက်ပွဲများ ပိုမို ပြင်းထန်ခဲ့ပြီး အရပ်သားများ အပေါ် သက်ရောက်မှု ရှိခဲ့သည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့မှ စ၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့အထိ မြန်မာ စစ်တပ်၏ လက်ချက်ကြောင့် အမျိုးသမီး ၅၄၇ ဦးနှင့် ကလေး ၃၃၄ ဦး အပါအဝင် အရပ်သား ၂,၄၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၎င်းအရေအတွက်သည် ယခင် ၁၅ လတာ ကာလနှင့် နှိုင်းယှဉ်လျှင် အရပ်သား သေဆုံးမှု ၅၀ ရာခိုင်နှုန်းခန့် မြင့်တင်လာခြင်း ဖြစ်သည်။ အစီရင်ခံသည့် ကာလ၏ ဒုတိယ ထက်ဝက်တွင် အရပ်သား သေဆုံးမှု ၄၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အတည်ပြုထားသော သေဆုံးသူ အရေအတွက် ၁,၄၃၆ ဦး ရှိခဲ့ကာ ပထမ နှစ်ဝက်တွင် ၉၇၈ ဦး ရှိခဲ့ရာ ဤကိန်းဂဏန်းများ အရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၌ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဖော်ဆောင်သော စစ်ဆင်ရေးများ စတင်ပြီး မြေပြင် အခြေအနေ ပြောင်းလဲလာသည့် နောက်ပိုင်း မြန်မာစစ်တပ်၏ လက်တုံ့ပြန်မှုကြောင့် အရပ်သား သေဆုံးမှု မြင့်တက်ခြင်းကို အတည်ပြုသည်။[5]

၁၃။ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုကြောင့် အရပ်သား သေဆုံးမှုမှာ သိသိသာသာ မြင့်တက်လာခဲ့ပြီး ဤအစီရင်ခံစာ ရေးသားသည့် ကာလအတွင်း လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသူ

---

[3] https://thedocs.worldbank.org/en/doc/4a3168f50b0e4e216993c9aa6ab3fe25-0070012024/myanmar- economic-monitor-june-2024-livelihoods-under-threat.

[4] https://data.humdata.org/dataset/myanmar-attacks-on-aid-operations-education-health-and-protection.

[5] ခွဲခြမ်းစိတ်ဖြာရေး ရည်ရွယ်ချက် အရ အစီရင်ခံသည့် ကာလ၏ ပထမပိုင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၃၁ ရက်အထိ၊ ဒုတိယပိုင်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ဟူ၍ ကိုးကားသတ်မှတ်ပါသည်။

၆၁၃ ဦးနှင့် လက်နက်ကြီး ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆၃၇ ဦး ရှိခဲ့ကြောင်း ဆန်းစစ် အတည်ပြုထားသော အချက်အလက်များ အရ သိရသည်။ ဤကိန်းဂဏန်းများသည် ယခင် တစ်ဆယ့်ငါးလနှင့် နှိုင်းယှဉ်ပါက လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု ၇၃၉ ရာခိုင်နှုန်းနှင့် လက်နက်ကြီး ပစ်ခတ်မှုကြောင့် အရပ်သား သေဆုံးမှု ၂၃၈ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ပြသနေပါသည်။

၁၄။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ နှောင်းပိုင်းမှစ၍ မြန်မာ စစ်တပ်သည် လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှု အပေါ် ပို၍ အားထားလာရာ ယခင်နှစ် အောက်တိုဘာလ ထိုးစစ်မတိုင်မီ ကာလနှင့် နောက်ပိုင်း အစီရင်ခံသည့် ကာလများကို နှိုင်းယှဉ်ပါက လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု ၉၅ ရာခိုင်နှုန်း မြင့်တက်လာကာ သေဆုံးသူ ၄၁၁ ဦး ရှိကြောင်း၊ လက်နက်ကြီးကြောင့် အရပ်သား သေဆုံးမှု ၁၇၀ ရာခိုင်နှုန်း တိုးလာပြီး သေဆုံးသူ ၄၆၅ ဦး ရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။ ဆန်းစစ် အတည်ပြုထားသည့် သေဆုံးသူ ၉၃၃ ဦးကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်း ဒေသကြီးသည် အစီရင်ခံသည့် ကာလ အတွင်း အရပ်သား ပြည်သူလူထု အတွက် အန္တရာယ် အများဆုံး ဒေသ အဖြစ် ဆက်လက် တည်ရှိနေပါသည်။

၁၅။ စိုးရိမ်ဖွယ်ရာကောင်းသည်မှာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ အချို့သည် အရပ်သားများကို ပစ်မှတ်ထား သတ်ဖြတ်မှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများကို ဆက်လက် ကျူးလွန်နေဆဲ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ပထမ နှစ်ဝက် အတွင်း အုပ်ချုပ်ရေးမှူးများ၊ အစိုးရ ဝန်ထမ်းများ၊ စစ်တပ် သတင်းပေးဟု စွပ်စွဲခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား လုပ်ကြံ သတ်ဖြတ်မှု ဖြစ်စဉ် ၁၂၄ ခုကို OHCHR က လက်ခံရရှိခဲ့ပြီး ၎င်းဖြစ်စဉ် အများစုမှာ နိုင်ငံ၏ အလယ်ပိုင်း ဒေသများမှ ဖြစ်ပါသည်။ အဓမ္မ စစ်သား စုဆောင်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် အခြား ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်သည်။

၁၆။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) သည် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး မြစ်ကြီးနားမှ ဗန်းမော်သို့ သွားသည့် အရေးပါသော ထောက်ပံ့ရေး လမ်းကြောင်း တစ်လျှောက် သာမက နယ်ခြားစောင့် စခန်းများနှင့် မြို့ငယ်များ အပါအဝင် နေရာပေါင်း ၁၀၀ ကျော်ကို ထိန်းချုပ်နိုင်ခဲ့သည်။ ဇွန်လကုန်ပိုင်းတွင် မြန်မာ စစ်တပ်၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀၈ ဦး သေဆုံးခဲ့ကာ ၎င်းသည် ယခင်နှစ်ထက် သုံးဆ နီးပါး ပိုများနေသည်။ နေရပ်စွန့်ခွာသူ ၁၀၄,၈၀၀ ဦး အထိ မြင့်တက်လာခဲ့ပြီး ၎င်းတို့အနက် ၈၁,၅၀၀ ဦးမှာ ၂၀၂၄ ခုနှစ် အတွင်း နေရပ်စွန့်ခွာခဲ့ရသူများ ဖြစ်သည်။ ရှမ်းပြည်နယ်၊ တောင်ပိုင်းရှိ ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (PNLA)နှင့် တိုက်ပွဲ ဖြစ်ပွားခြင်း အပြင် စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၈၄ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၆၆,၈၀၀ ဦးမှာ နေရပ် စွန့်ခွာခဲ့ရကာ ကာကွယ်စောင့်ရှောက်သင့်သော အဆောက်အအုံများ အပါအဝင် အရပ်ဘက် နေအိမ် အဆောက်အအုံ ၁,၀၇၄ လုံး ပျက်စီးခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၌ တရုတ် နိုင်ငံက ဖြန်ဖြေသည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုသည် ဇွန်လ နှောင်းပိုင်းတွင် ပျက်ပြယ်သွားပြီးနောက် မြေပြင် ထိုးစစ်များ သာမက လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများ ထပ်မံ ဖြစ်ပွားခဲ့ရာ အရပ်သား လူထု အပေါ် သက်ရောက်မှု ရှိသဖြင့် အရပ်သား ကာကွယ်စောင့်ရှောက်ခြင်း အပေါ် စိုးရိမ် ပူပန်မှုများ ပိုမို မြင့်မားခဲ့သည်။[6]

၁၇။ နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသတွင် ဖြစ်ပွားသည့် တိုက်ပွဲများသည် အဓိကအားဖြင့် အရေးပါသော ထောက်ပံ့ရေး လမ်းကြောင်းများနှင့် နယ်စပ် ဝင်ပေါက်များ၌ ဖြစ်ပွားနေပြီး ပဋိပက္ခ ဖြစ်ပွားရာ နေရာများအား ဆန့်ကျင်ဖက် အုပ်စုအကြား အလျင်အမြန် လွှဲပြောင်းသိမ်းပိုက်မှုသည် အရပ်သားများ၏ လုံခြုံရေးကို ပိုမို ထိခိုက်စေပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလနှင့် မေလ အတွင်း ကရင်ပြည်နယ်၌ အရှေ့-အနောက် စီးပွားရေး စင်္ကြံ အဖြစ် အရေးပါလှသော မြဝတီ မြို့နယ်ရှိ အဓိက စစ်စခန်းများအား မြန်မာစစ်တပ်က ပထမဦးစွာ လက်လွှတ် ဆုံးရှုံးခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် မြဝတီမြို့မှ ဆုတ်ခွာသွားစဉ် ကရင် နယ်ခြားစောင့် တပ်ဖွဲ့များက မြန်မာ စစ်တပ်ကို ထောက်ပံ့ကူညီခဲ့သည်။ ထိုမြို့နယ် အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သား ၁၄၄ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဒေသခံ သတင်းရင်းမြစ်များ အရ မြန်မာ စစ်တပ်သည် အရှေ့တောင် ဒေသအတွင်း လေကြောင်း တိုက်ခိုက်မှု

[6] A/HRC/56/23.

အကြိမ်ပေါင်း ၁၅၈ ကြိမ် ပြုလုပ်ခဲ့ကာ ကယား ပြည်နယ်၊ ကရင် ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် အများဆုံး ထိခိုက်ခံစားခဲ့ကြသည်။ ထို့အပြင် မြန်မာစစ်တပ်နှင့် ၎င်းကို ဆန့်ကျင်သော လက်နက်ကိုင် အဖွဲ့များက နယ်မြေ ကာကွယ်ရန် ဒေသတစ်လွှား မြေမြုပ်မိုင်းထောင် အသုံးပြုခြင်းကြောင့် အိမ်ပြန်ကြသူများ အပါအဝင် အရပ်သားများ အပေါ် ကြီးလေးသော ဘေးအန္တရာယ်များ သက်ရောက်စေခဲ့သည်။ ၂၀၂၁ ခုနှစ်မှ စ၍ အရပ်သား လူထု၏ နေရပ်စွန့်ခွာ ထွက်ပြေးရမှု အားလုံး၏ သုံးပုံ တစ်ပုံခန့်သည် နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသတွင် ဖြစ်ပွားခဲ့သည့် အပြင် ထိုင်းနိုင်ငံသို့ နေရပ်စွန့်ခွာမှုမှာလည်း သိသိသာသာ တိုးမြင့်လာသော်လည်း ယုံကြည်စိတ်ချရသည့် ကိန်းဂဏန်း အချက်အလက်များကို လက်ရှိ အခြေအနေတွင် မရရှိနိုင်သေးပေ။

၁၈။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော် (AA) တို့ အကြား တိုက်ပွဲများ တကျော့ပြန် ဖြစ်ပွားခဲ့ပြီး အရပ်သား သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှု၊ မီးရှို့မှုနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရမှုများ ဖြစ်စေကာ လူမှု အသိုက်အဝန်း အားလုံးကို ထိခိုက်စေခဲ့သည်။ မြန်မာ စစ်တပ်သည် ရခိုင် တိုင်းရင်းသား အရပ်သားများကို အာရက္ခ တပ်တော်နှင့် ဆက်နွယ်သည်ဟု ယူဆ၍ ပစ်မှတ်ထားလာခဲ့သည်။ စစ်တပ်သည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဘူးသီးတောင်မြို့ရှိ ရခိုင် တိုင်းရင်းသား နေအိမ်ပေါင်း ရာနှင့် ချီ၍ မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းနောက် ၂၀၂၄ ခုနှစ်၊ မေလ၊ ၂၉ ရက်နေ့တွင် စစ်တွေမြို့ရှိ ဗျိုင်းဖြူ ကျေးရွာကို စတပ်က ဝင်ရောက် စီးနင်းခဲ့ပြီး အရပ်သားများကို ဝန်းရံဖမ်းဆီးခဲ့ကာ အမျိုးသားနှင့် အမျိုးသမီးများကို ခွဲထုတ်လိုက်ပြီး အမျိုးသားများကို ရွာပြင်သို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုတစ်ညလုံး သေနတ်သံများ ကြားခဲ့ရကြောင်း ရှင်သန် ကျန်ရစ်သူများက ပြောပြခဲ့သည်။ အသတ်ခံရသူ ၄၈ ဦး ရှိကြောင်း နောက်ပိုင်းတွင် အတည်ပြုနိုင်ခဲ့သည်။ အမျိုးသမီး ငါးဦးထက် မနည်း မုဒိန်းကျင့် သတ်ဖြတ်ခံခဲ့ရကြောင်း သတင်းရင်းမြစ်အချို့က ပြောကြားခဲ့သည်။ နောက်တစ်နေ့ နံနက်တွင် စစ်တပ်က အမျိုးသမီးများကို ရွာတွင် ဆက်နေ၍ မရကြောင်း အကြောင်းကြားပြီး စစ်တွေရှိ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများသို့ အတင်းအကျပ် ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ စစ်တပ်သည် နောက်ပိုင်းတွင် ၎င်းရွာကို မီးရှို့ခဲ့ကြောင်း သတင်း ရင်းမြစ် အများအပြားက ဖော်ပြခဲ့ကြသည်။

၁၉။ မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော်တို့ အကြား ဖြစ်ပွားသည့် လက်နက်ကိုင် တိုက်ပွဲများသည် ရိုဟင်ဂျာ အရပ်သားများ အပေါ် သက်ရောက်မှု ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မေလ၊ ၁၇ ရက်နေ့တွင် အာရက္ခ တပ်တော်သည် မြန်မာ စစ်တပ်ကို ဘူးသီးတောင် မြို့မှ တိုက်ထုတ်ပြီးနောက် မြို့အနှံ့အပြား၌ နေအိမ် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့ကာ ယင်းတို့တွင် ရိုဟင်ဂျာ နေအိမ်များနှင့် လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ် အတွင်း ပတ်ဝန်းကျင်ရှိ ရွာများမှ တိုက်ပွဲကြောင့် ထွက်ပြေးလာသော ရိုဟင်ဂျာ အများအပြား ခိုလှုံသည့် အစိုးရ အဆောက်အအုံများလည်း ပါဝင်သည်။ ရှင်သန် ကျန်ရစ်သူများက အာရက္ခ တပ်တော် ဝတ်စုံ ဝတ်ဆင်ထားသော လူများသည် အဆောက်အအုံများကို မီးရှို့ခဲ့ကာ သေနတ်ဖြင့် ပစ်ခတ်နေသည်ကိုလည်း မြင်တွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။ သေဆုံးသူ အရေအတွက်ကို ဆန်းစစ် အတည်ပြုဆဲ ဖြစ်သော်လည်း ရှင်သန် ကျန်ရစ်သူ အများအပြားက အသက် ၁၂ နှစ် အရွယ်၊ မိန်းကလေး တစ်ဦး၏ ရုပ်အလောင်း အပါအဝင် ရုပ်အလောင်း ၂၀ ခန့်ကို မြင်တွေ့ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဂြိုလ်တု ဓာတ်ပုံ အရ ၎င်းဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ရှင်သန်ကျန်ရစ်သူများ၏ အဆိုအရ အာရက္ခ တပ်တော်သည် ၎င်းတို့အား ဒေသ၏ အနောက်ဘက်ရှိ မောင်တောသို့ သွားရောက်ခွင့် မပြုဘဲ ဒေသ၏ တောင်ဘက်ရှိ ဘူးသီးတောင် မြို့နယ် အတွင်း ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများသို့ အတင်းအကျပ် ပို့ဆောင်ခဲ့ကြောင်း၊ ထိုနေရာတွင် အိမ်ထောင်စု စာရင်းပြုစုခြင်းများ ရှိခဲ့သော်လည်း မည်သည့် အကူအညီမျှ မရခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀။ မျက်မြင်သက်သေများ၏ အဆိုအရ အာရက္ခ တပ်တော်သည် လက်နက်ကိုင် တိုက်ပွဲ ဖြစ်ပွားခြင်း မရှိသော နေရာများတွင် ရိုဟင်ဂျာ အရပ်သားများအား စတင် ပစ်ခတ်ခြင်း၊ ရွာသားများကို ဖမ်းဆီးခြင်းနှင့် ရိုဟင်ဂျာများ၏ နေအိမ်ကို မီးရှို့ဖျက်ဆီးခြင်းများ ဖြစ်ပွားပြီးနောက် ဘူးသီးတောင်နှင့် မောင်တော မြို့နယ် အတွင်း လူဦးရေ အမြောက်အများဖြင့် နေရပ် စွန့်ခွာမှု ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ၊ ၁၇ ရက်နေ့တွင် အာရက္ခ တပ်တော်သည် ရိုဟင်ဂျာ အမျိုးသား ငါးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ငါးရက် အကြာတွင် ဖမ်းဆီးခံရသူများ၏ အလွန် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ရုပ်အလောင်းများကို ဒေသခံများက တွေ့ရှိခဲ့ရပြီး ၎င်းတို့အနက် လေးဦးမှာ ခေါင်းဖြတ်ခံထားရသည်။ ထို့အပြင် ဒေသ အသီးသီးမှ အင်တာဗျူး ဖြေဆိုသူများ၏ အဆိုအရ အာရက္ခ တပ်တော်သည် ရိုဟင်ဂျာ ရွာသားများ ထွက်ပြေးစေရန် ရည်ရွယ်၍ လက်နက် တပ်ဆင်ထားသော ဒရုန်းများဖြင့် ၎င်းတို့ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အစီရင်ခံကြသည်။

## ၄။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေး

၂၁။ နောက်ဆုံး အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်း[7] ဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ၊ တရား စီရင်ရေး စနစ်နှင့် ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဆိုးရွားပြင်းထန်လှပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲ ဖြစ်ကာ ၎င်းသည် တရား ဥပဒေ စိုးမိုးမှု ကင်းမဲ့နေဆဲ ဖြစ်ကြောင်း ပြနေပါသည်။ မြန်မာ စစ်တပ်သည် နယ်မြေ ဆုံးရှုံးလာသည်နှင့်အမျှ ၎င်း၏ အာဏာကို ပြန်လည် ရယူရန် ကြိုးပမ်းသည့် အနေဖြင့် နေရာဒေသ အများအပြားတွင် စစ်အုပ်ချုပ်ရေး ဒေသများ တိုးချဲ့လာခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံရေး အယူအဆအား ထုတ်ဖော်ခြင်း ကဲ့သို့ အခြေခံ လွတ်လပ်ခွင့် အပေါ် အပြင်းအထန် ကန့်သတ်ချုပ်ချယ်မှုများ ချမှတ်ခြင်းနှင့် ၎င်း၏ အတိုက်အခံဟု ယူဆရသူများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ ဖမ်းဆီးတရားစွဲခြင်း စသည့် ကျယ်ပြန့်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လာသည်။ ထိုသို့ ပြစ်မှုဆိုင်ရာ ဥပဒေများကို တစ်ဖက်သတ် ပြင်ဆင်ခြင်းဖြင့် နိုင်ငံတော် သစ္စာဖောက်မှု သို့မဟုတ် ပုန်ကန်မှု အဖြစ် သတ်မှတ်နိုင်သော အပြုအမူ အမျိုးအစားများကို သိသိသာသာ တိုးချဲ့ သတ်မှတ်ခဲ့ပြီး ထိုပြစ်မှုများ အတွက် ပြစ်ဒဏ်များကိုလည်း သိသာစွာ တိုးမြှင့်ခဲ့သလို ထိုအခြေအနေကြောင့် နိုင်ငံရေး အတိုက်အခံပြုသည့် ပုံစံ တစ်မျိုးမျိုးတွင် ပါဝင်ပတ်သက်သည်ဟု ယူဆခံရသူ မည်သူ့ကိုမဆို ပစ်မှတ်ထား အရေးယူရန် တရားစီရင်ရေး စနစ်ကို လက်နက်သဖွယ် အသုံးချနေခြင်းပင် ဖြစ်ပါသည်။

## က။ လွတ်လပ်မှုနှင့် ပြစ်မှုဆိုင်ရာ တရားမျှတမှု ကင်းမဲ့ခြင်း

၂၂။ အစီရင်ခံစာ ရေးသားသည့် ကာလအတွင်း မြန်မာ စစ်တပ်သည် လူပေါင်း ၉,၀၀၀ ကျော်ကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း၊ ၎င်းမှာ ၂၀၂၁ ခုနှစ် ဖေဖဝါရီလမှ စ၍ အမျိုးသမီး ၅,၅၅၆ ဦးနှင့် ကလေး ၅၄၇ ဦး အပါအဝင် ဖမ်းဆီး ထိန်းသိမ်းခံရသူ စုစုပေါင်း ၂၆,၉၃၃ ဦး၏ သုံးပုံ တစ်ပုံ ဖြစ်ကြောင်း ယုံကြည်စိတ်ချရသော သတင်း ရင်းမြစ်များက အတည်ပြုခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်း ဖမ်းဆီးမှု၏ ထက်ဝက် နီးပါးသည် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖဝါရီလတွင် မြန်မာ စစ်တပ်က စစ်မှု မထမ်းမနေရ ဥပဒေကို အကောင်အထည် ဖော်မည်ဟု ကြေညာပြီးနောက် ဖမ်းဆီးမှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် “စစ်မှုထမ်းရမည့် အသက်အရွယ် ရောက်သော” အမျိုးသားထုကြီးကို စစ်ဆေးရေး နေရာများတွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်း သို့မဟုတ် ရဲတပ် စစ်ဆင်ရေးများတွင် ပစ်မှတ်ထားခြင်းများ ရှိလာသည်။ အခြား သတင်းပို့ချက်များ အရ ဒေသန္တရ အထွေထွေ အုပ်ချုပ်ရေးမှူးများသည် မြန်မာစစ်တပ် အတွက် “စစ်မှုထမ်းရန် ကိုက်ညီသူ” စာရင်းများကို ပြုစုပြီးနောက် အာဏာပိုင်များက လူငယ်များကို ဖမ်းဆီခဲ့ကြောင်း သိရသည်။ အချို့သော ဖြစ်ရပ်များတွင် ဒေသ ဆိုင်ရာ အာဏာပိုင် အဖွဲ့ဝင်များသည် စစ်မှုထမ်း အသက်ပြည့်သည့် လူငယ်များကို မဲစနစ်ဖြင့် စစ်မှုထမ်းစေရန် စီစဉ်ခဲ့ကြောင်း သိရသည်။

၂၃။ မြန်မာ စစ်တပ် အရာရှိများသည် အာဏာသိမ်းမှုကို ဆန့်ကျင်သူများအား ဖမ်းဆီးဖို့ ကြိုးပမ်းရာတွင် ၎င်းတို့၏ နေအိမ်မှ ကလေးသူငယ်များ အပါအဝင် မိသားစုဝင်များကို ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်သည့် ဖြစ်ရပ်များ ဆက်လက် ဖြစ်ပျက်နေကြောင်း သတင်းရခဲ့သည်။ စစ်မှုထမ်းရန် ရွေးချယ်ခံရသူများက တာဝန်ထမ်းဆောင်ခြင်း မရှိပါက သို့မဟုတ် နိုင်ငံပြင်ပသို့ ထွက်ပြေးပါက စစ်တပ် အရာရှိများသည် ရပ်ရွာလူထုကို ခြိမ်းခြောက်မှုနေကြောင်း လူအချို့က သတင်းပေး တိုင်ကြားကြပါသည်။ ထို့နောက် လူငယ်များသည် ရဲစစ်ဆေးရေး ဂိတ်များတွင် စစ်ဆေးခံရပြီးနောက် ပျောက်ဆုံးသွားကြောင်းနှင့် ၎င်းတို့၏ သတင်းကို နောင်ပိုင်းတွင် မကြားရတော့ကြောင်း အချို့ မိသားစုများက သတင်းပို့ခဲ့ကြသည်။ ချစ်ခင်ရသော မိသားစုဝင်များသည် စစ်သင်တန်း သို့မဟုတ် အကျဉ်းစခန်းများသို့ အဓမ္မ ပို့ဆောင်ခံရသည်ဟု စစ်သား စုဆောင်းခံရသည့် မိသားစုဝက် အများစုက ယူဆကြသည်။ မြန်မာ စစ်တပ်သည် ၎င်းတို့ ဖမ်းဆီးရန် သို့မဟုတ် စစ်သားစုဆောင်းရန် ပစ်မှတ်ထားသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား မတွေ့ရသည့်အခါ ၎င်း၏ ကလေးများ အပါအဝင် မိသားစုဝင်များကို ဖမ်းဆီးသည့် ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့သည်။

[7] A/HRC/52/21.

စစ်တပ်သည် နိုင်ငံရေး အတိုက်အခံပြုသည့် မိဘများအား ရှာမတွေ့သည့် အခါ ၎င်းတို့၏ သားသမီး ကလေးငယ်များကို အပြစ်ပေး အရေးယူသည့် ပုံစံဖြင့် ဖမ်းဆီး ခေါ်ဆောင်သွားတတ်ကြောင်း အင်တာဗျူး ဖြေဆိုသူများက ဆိုခဲ့သည်။ OHCHR က စုံစမ်း စစ်ဆေးခဲ့သော ဖြစ်ရပ် အချို့တွင် ဖမ်းဆီးထိန်းသိမ်းသည့် အာဏာပိုင်များသည် ဖမ်းဆီးခေါ်ဆောင်သွားသူများ၏ ကံကြမ္မာနှင့် တည်နေရာများကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက အတည်ပြုရာ အဓမ္မ အစဖျောက်မှု မြောက်နိုင်ကြောင်း ပူပန်မှုများ ရှိပါသည်။

၂၄။ မျှတသော တရားစီရင်ရေး အာမခံချက် မရှိခြင်းနှင့် တရားစီရင်ရေး အဖွဲ့၏ လွတ်လပ်မှုနှင့် ကြားနေမှု မရှိခြင်းတို့သည် စိုးရိမ်ဖွယ်ရာ ပြဿနာ တစ်ရပ် အဖြစ် ဆက်လက် တည်ရှိနေပါသည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ အစီရင်ခံစာ ရေးသားသည့် ကာလ အတွင်း စစ်အာဏာသိမ်းမှု ဆန့်ကျင်ခြင်းဖြင့် လူပေါင်း ၁,၆၄၈ ဦး ထက်မနည်း ပြစ်ဒဏ် ချခံခဲ့ရကြောင်း အတည်ပြုနိုင်ခဲ့သည်။ OHCHR အဖွဲ့သည် တွေ့ဆုံမေးမြန်းမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ထိုသို့ တရားစွဲဆိုခံရသည့် အမှုတွင် တရားသေ လွတ်ခြင်း သို့မဟုတ် အယူခံမှု အောင်မြင်သည့် ဖြစ်ရပ်များအား မတွေ့ရှိခဲ့ရပေ။ နိုင်ငံရေး အကျဉ်းသားများနှင့် ဆက်စပ်သော အမှုတွဲများကို စီရင်ရန် အတွက် အကျဉ်းထောင်ဝင်း အတွင်း ဗီဒီယို ကင်မရာများဖြင့် မှတ်တမ်း တင်ထားသည့် စစ်ခုံရုံးများ ဖြစ်သော “အထူး တရားရုံးများ”ကို ဆက်လက် ကျင့်သုံးနေဆဲ ဖြစ်သည်။ တရားရုံး ကြားနာမှုများကို မကြာခဏ ရွှေ့ဆိုင်းခြင်းနှင့် အကျဉ်းသားများအား တွေ့ဆုံခွင့် ရရန်နှင့် အကျဉ်းထောင် အတွင်း ဝင်ရောက်ခွင့် ရရန် ကန့်သတ်ခြင်းတို့ကြောင့် ပုံမှန် အချိန် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ပြီး ရလဒ်အားဖြင့် တရားစွဲ အမိန့်ချခြင်း မပြုမီ ကာလကြာရှည် ဖမ်းဆီးထိန်းသိမ်းထားသည့် အခြေအနေမျိုး ဖြစ်ပေါ်စေပါသည်။ တရားစွဲခံ အမှုသည်များ၏ ရှေ့နေများသည် ကြီးလေးသော ကန့်သတ်ချက်များအား ရင်ဆိုင်ရပြီး လျှို့ဝှက် ဆက်သွယ်မှုများအား တားမြစ်ခံရမှု အပါအဝင် အမှုသည်နှင့် ဆက်သွယ်မှုမှာလည်း တရားခွင် ပြင်ပ အချိန်တွင် အချိန်တို အတွင်းသာ စကားပြောဆိုရသည် အထိ ကန့်သတ်ခံနေရပါသည်။ တရားစွဲခံ ပုဂ္ဂိုလ်များသည် ကနဦး ပြစ်မှု ထင်ရှားသည်ဟု စီရင်ချက်ချခြင်းနှင့် ပြစ်ဒဏ်ချခံရပြီးနောက် အယူခံဝင်ခွင့် လျှောက်လွှင်လည်း ပလပ်ခံရလေ့ရှိသည်။ တရားစီရင်ရေး လုပ်ငန်းစဉ်များမှာ ရှုပ်ထွေး ပွေလီလှပြီး ရှေ့နေ အနည်းငယ်ကသာ ခြိမ်းခြောက်မှုများ ကြားမှ တရားစွဲဆိုခံရသူ အများအပြား အတွက် ဆောင်ရွက်နေရသည်။ အမှုတွဲ အချို့တွင် စစ်တပ် အာဏာပိုင်များသည် တရားစွဲခံရသူများ အတွက် ဆောင်ရွက်ပေးနေသည့် ရှေ့နေများကို ဖမ်းဆီးခြင်း၊ ဆိုးရွားစွာ ဆက်ဆံခြင်း သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုများ ရှိကြောင်း သတင်းရရှိပါသည်။

၂၅။ မြန်မာ စစ်တပ်သည် တစ်ဖက်သတ် ပြင်ဆင်ထားသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပါ အဓိပ္ပာယ် မရှင်းလင်းသည့် ပြဋ္ဌာန်းချက်များကို ဆက်လက် ကိုင်စွဲကျင့်သုံးနေပြီး စစ်တပ် ဆန့်ကျင်ရေး အဖွဲ့များနှင့် ဆက်စပ်နေသည်ဟု ယူဆသည့် သို့မဟုတ် ထောက်ခံအားပေးနေသည့် မည်သူ့ကို မဆို စစ်တပ် ထိန်းချုပ်သည့် တရားရုံးများက စီရင်ချက် ချမှတ်ကာ ပြင်းထန်သော ပြစ်ဒဏ်များ ပေးလေ့ရှိသည်။ စစ်တပ် ဆန့်ကျင်ရေး အဖွဲ့နှင့် ချိတ်ဆက်ခြင်း သို့မဟုတ် ၎င်းတို့ကို ထောက်ခံ အားပေးသည့် လုပ်ရပ်များကို “အကြမ်းဖက်မှု ကျူးလွန်သည်” ဟူသည့် စွဲချက်များဖြင့် တရားစွဲလာသည်မှာ ၂၀၂၂ ခုနှစ်မှစ၍ တဖြည်းဖြည်း များပြားလာသည်။ အစီရင်ခံသည့် ကာလအတွင်း ဤစွပ်စွဲချက်ဖြင့် ရန်ကုန်မြို့တွင် ဖမ်းဆီးခံရသူများ အပေါ် တရားစွဲခဲ့သော်လည်း မြို့ပြပြင်ပရှိ လူပုဂ္ဂိုလ်များကိုမူ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား စားနပ်ရိက္ခာ၊ ငွေကြေး သို့မဟုတ် အခြား ပစ္စည်းများ ထောက်ပံ့ခြင်း အပါအဝင် ပံ့ပိုးမှုများ ပြုလုပ်သည် ဟူ၍ မြန်မာ စစ်တပ်၏ စွဲချက်တင်ခံရသူများ များပြားလာခဲ့သည်။ မြန်မာ စစ်တပ်နှင့် အပေါင်းအပါ အုပ်စုများသည် ကျေးရွာများအား စီးနင်းကာ သံသယရှိသူ သို့မဟုတ် မထွက်ပြေးနိုင်သူများကို ခေါ်ဆောင်သွားလေ့ရှိပြီး ထိုဖြစ်ရပ်မျိုးသည် အထူးသဖြင့် မြန်မာပြည် အလယ်ပိုင်းတွင် ဖြစ်ပျက်လေ့ရှိသည်။ တခါတရံ၌ ထိုသို့ ဖမ်းဆီးသွားသူများကို အချိန်တိုအတွင်း ပြန်လွှတ်ပေးခဲ့သော်လည်း အခြားသူများကိုမူ အနီးအနားရှိ စစ်စခန်းများသို့ ခေါ်ဆောင်သွားကာ စစ်ဆေးမေးမြန်းကြပြီး ၎င်းတို့၏ ကံကြမ္မာနှင့် ၎င်းတို့ မည်သည့် နေရာတွင် ရှိနေကြောင်းကို မည်သူမျှ သိခွင့် မရကြပေ။ လူအများအပြားသည် ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် တခါတရံတွင် ရုပ်အလောင်းများအား မီးရှို့ဖျက်ဆီးမှု ရှိကြောင်း OHCHR ကို အင်တာဗျူး ဖြေဆိုသူများက အစဉ်တစိုက် အတည်ပြု ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၌ ရှမ်းပြည်နယ်၊ မူဆယ် မြို့နယ်တွင် လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် မြန်မာ စစ်တပ်သည် လူနှစ်ဦးကို ဖမ်းဆီး ခဲ့သော်လည်း ၎င်းတို့ မည်သည့် နေရာတွင် ရှိမှန်း မသိရကြောင်း ဆိုခဲ့သည်။ ထိုသို့ ပျောက်ဆုံးနေသူများအား

ရွာသားများက ရှာဖွေသောအခါ ငါးရက်အကြာ၌ အနီးအနားရှိ တောအုပ်ထဲတွင် မီးလောင်ကျွမ်းနေသော ၎င်းတို့၏ ရုပ်အလောင်းများအား တွေ့ရှိခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ထပ်လောင်း ပြောပြခဲ့သည်။

၂၆။ မြန်မာနိုင်ငံ၏ အခြေအနေကို သတင်းတင်ဆက် ဖော်ပြခြင်းကြောင့် သတင်းသမားနှင့် မီဒီယာ ဝန်ထမ်းများအား ဖမ်းဆီးမှုများ ဆက်တိုက် ဖြစ်ပွားနေပြီး အမျိုးသမီး တစ်ဦး အပါအဝင် အနည်းဆုံး ၁၄ ဦးမှာ ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ စ၍ အမျိုးသမီး ၂၈ ဦး အပါအဝင် သတင်းသမားနှင့် မီဒီယာ ဝန်ထမ်း စုစုပေါင်း ၁၉၄ ဦး ဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့ အနက် ၆၂ ဦးမှာ ဆက်လက် ဖမ်းဆီးခံထားရဆဲ ဖြစ်သည်။ ဖမ်းဆီးခံထားရသည့် သတင်းသမား သုံးပုံ တစ်ပုံခန့်မှာ ရာဇသတ်ကြီး ဥပဒေဖြင့် တရားစွဲဆိုခံရပြီး သတင်းသမားများသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနှင့် အခြား ပုဒ်မများဖြင့် တရားစွဲ ဆိုခံရကာ ထောင်ဒဏ် နှစ်ရှည် ကျရန် အမိန့်ချခံရလေ့ရှိသည်။ ရုပ်ရှင် ရိုက်ကူးသူ တစ်ဦးမှာ ထောင်ဒဏ် တသက် တကျွန်းနှင့် သတင်း မီဒီယာ သမား ၁၁ ဦးမှာ ထောင်ဒဏ် ၁၀ နှစ်နှင့် ၎င်းထက်ပိုသော ထောင်ဒဏ်များ ချမှတ်ခံရသည်။ မြန်မာ စစ်တပ်က သီးခြားလွတ်လပ်သော သတင်း မီဒီယာများအား ဖယ်ရှားရန် ကြိုးပမ်းမှုကို ပြသသည့် ဖြစ်ရပ် တစ်ခုအား ဆိုရလျှင် စစ်တပ် ကြိုးကိုင်သည့် တရားရုံး တစ်ခုက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၌ ရခိုင် ပြည်နယ် အတွင်း သတင်းယူခဲ့သည့် ဓာတ်ပုံ သတင်းသမား တစ်ဦးသည် ၂၀၂၃ ခုနှစ်၊ မေလတွင် တိုက်ခတ်ခဲ့သော မိုခါ မုန်တိုင်း၏ သက်ရောက်မှုနှင့် ဆက်စပ်၍ စစ်တပ်၏ တရားဝင် ထုတ်ပြန်ချက်နှင့် ကွဲလွဲနေသော သတင်းများကို ရေးသား ဖော်ပြခဲ့ခြင်းကြောင့် [8] ထောင်ဒဏ် အနှစ် ၂၀ ကျရောက်ခဲ့သည်။

၂၇။ မြန်မာ စစ်တပ် အရာရှိများသည် ဖြစ်ပွားနေသော အဖြစ်အပျက်များ၏ အဓိက သတင်း အရင်းအမြစ် ဖြစ်သည့် လူမှု ကွန်ရက်နှင့် အွန်လိုင်း လှုပ်ရှားမှုများကို ပို၍ ထိန်းချုပ်လာခဲ့သည်။ အင်တာဗျူး ဖြေဆိုသူများ၏ အဆိုအရ စစ်တပ်သည် ၎င်းကို ဝေဖန်သူ သို့မဟုတ် စစ်တပ် ဆန့်ကျင်ရေး အဖွဲ့အစည်းများနှင့် ဆက်စပ်သော ပို့စ်များကို ရိုးရှင်းစွာ 'Like ပေးခြင်း' အပါအဝင် ထောက်ခံကြောင်း အွန်လိုင်းမှ ထုတ်ဖော်ပြသသော မည်သူ့ကို မဆို သွေးထိုးလှုံ့ဆော်မှု သို့မဟုတ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ပုဒ်မများဖြင့် တရားစွဲဆို ခံရနိုင်ကြောင်း တသမတ်တည်း ညွှန်ပြခဲ့ကြသည်။ လေ့လာ သုံးသပ်သူများ၏ အဆိုအရ အနည်းဆုံး လူပေါင်း ၃၅၁ ဦးသည် အစီရင်ခံသည့် ကာလ အတွင်း ထိုသို့သော အခြေအနေများဖြင့် ဖမ်းဆီးခံခဲ့ရပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက အွန်လိုင်း လှုပ်ရှားမှုများမှ တစ်ဆင့် စစ်တပ်ကို ဆန့်ကျင်မှုကြောင့် စုစုပေါင်း လူပေါင်း ၄၆၁ ဦး ဖမ်းဆီးခံခဲ့ရကြောင်း ဆိုသည်။[9]

၂၈။ အဓမ္မ အစဖျောက်မှုနှင့် ဆက်စပ်၍ အလွန်တရာ စိုးရိမ်ဖွယ်ရာကောင်းသော အခြေအနေ၌ ဆက်လက် တည်ရှိနေပါသည်။ ဤရာဇဝတ် ပြစ်မှု၏ သဘော သဘာဝကြောင့် နိုင်ငံအဝှမ်း၌ ပြည့်စုံလုံလောက်သော သတင်း အချက်အလက်များ မရနိုင်သလို အချို့မှာ မိသားစုဝင်များကိုပင် အသိမပေးရဲဘဲ အဖမ်းမခံရရန် ပုန်းအောင်းနေခြင်းမျိုးလည်း ရှိပါသည်။ သို့သော် အဓမ္မ အစဖျောက်မှုနှင့် ဆက်စပ်၍ စုံစမ်းစစ်ဆေးနေသည့် စိတ်ချယုံကြည်ရသော လေ့လာချက်များ အနက် ကရင် လူ့အခွင့်အရေး အဖွဲ့[10]၏ တွေ့ရှိချက် အရ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ အတွင်း နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသတွင် အဓမ္မ အစဖျောက်မှုဟု သတ်မှတ်နိုင်ခြေ ရှိသည့် အမှု ၅၁ မှုကို အသေးစိတ် ဖော်ပြထားသော တင်ပြချက် တစ်ခုအား OHCHR သို့ ပေးပို့ခဲ့ပါသည်။ ၎င်းတို့၏ တွေ့ရှိချက် အရ အဓမ္မ အစဖျောက်မှု ကျူးလွန်ခံရသူ အားလုံးသည် အများအားဖြင့် အသက် ၁၅ နှစ်မှ ၂၅ နှစ် အကြား အမျိုးသားများ ဖြစ်ပြီး စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များနှင့် ဆက်နွယ်မှု ရှိသည်ဟု သံသယ ရှိသူများ၊ ငြိမ်းချမ်းစွာ ဆန္ဒပြ ဖော်ထုတ်သူများ၊ ဆန္ဒပြ လူထု ခေါင်းဆောင်များ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ ဘာသာရေး ခေါင်းဆောင်များနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးသူများ ဖြစ်ကြောင်း သိရသည်။ ကျူးလွန်ခံရသူများသည် နေအိမ်၊ ကျေးရွာ၊ စိုက်ခင်းများ၊ စိုက်ပျိုးမွေးမြူရေးခြံများနှင့် အခြား နေရာများမှ ဖမ်းဆီးခေါ်ဆောင်ခံကြရပြီး အများစုမှာ ခရီးသွားစဉ် ပစ်မှတ်ထား ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရကြောင်း သိရှိရပါသည်။ မြန်မာ စစ်တပ်သည်

8 https://www.ohchr.org/en/statements-and-speeches/2023/09/myanmar-turk-calls-new-thinking-end-unspeakable-tragedy.

9 https://www.datawrapper.de/_/5VyY1/?.

10 https://www.khrg.org/sites/khrg.org/files/report-docs/in_the_dark_english_full_version.pdf.

လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ၎င်းတို့၏ ရန်သူကို သတ်မှတ်ဖော်ထုတ်ရန် သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်သော သတင်း အချက်အလက်များ ရယူရန် ကြိုးပမ်းသည့် အခိုက်အတန့်၌ အဓမ္မ အစဖျောက်မှုများ အများအပြား ဖြစ်ပွားလေ့ရှိသည်။ ဥပမာအားဖြင့် OHCHR သည် ၂၀၂၃ ခုနှစ်၊ ဖေဖဝါရီလတွင် စစ်တပ်၏ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည့် အမျိုးသား တစ်ဦး အကြောင်းကို အစီရင်ခံသည့် ကာလအတွင်း သိရှိခဲ့သော်လည်း ၎င်းအား အကြိမ်ကြိမ် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့လင့်ကစား ထိုသူ မည်သည့် နေရာတွင် တည်ရှိနေကြောင်းကို မသိရပေ။

၂၉။ အာဏာပိုင်များက အဓမ္မ အစဖျောက်ခံရသူများ သို့မဟုတ် ပျောက်ဆုံးနေသူများနှင့် ဆက်စပ်၍ သိရှိကြောင်း ပြောပြရန် သို့မဟုတ် ဆက်စပ် အချက်အလက်များ ပေးရန် ငြင်းဆိုသည့် အခါ မိသားစုများနှင့် ရပ်ရွာ လူထု အသိုက်အဝန်းများသည် အလွန်အမင်း ကိုယ်စိတ်ဒုက္ခ ရောက်ကြသည်။ မိသားစု၏ အဓိက ဝင်ငွေ ရှာဖွေသူများ ပျောက်ဆုံးသွားသည့် ဖြစ်ရပ်များတွင် ၎င်းမိသားစုမှ အမျိုးသမီး သို့မဟုတ် လူငယ်များသည် ဝင်ငွေနည်းပါးသော၊ လုံခြုံမှု မရှိသော၊ နေအိမ်မှ ဝေးလံလေ့ရှိသော အလုပ်များတွင် မဖြစ်မနေ ဝင်ရောက် လုပ်ကိုင်ရခြင်းကြောင့် မိသားစုဝင်များ၏ အားနည်းထိရှလွယ်မှု အခြေအနေမှာ ပိုမို ဆိုးရွားလာတတ်ပါသည်။ ဤဖြစ်ရပ်များသည် ၎င်းတို့အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်နိုင်သည့် အခြေအနေကို မြင့်မားစေပြီး ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး အပေါ်လည်း အန္တရာယ် ရှိစေပါသည်။

## ခ။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးရွားစွာ ဆက်ဆံမှုများ

၃၀။ စစ်တပ်က ဖမ်းဆီးထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာ ဆက်ဆံမှုများ[11] ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်သည်။ ထုတ်ဖော်ပြောဆိုသူများ၏ အဆိုအရ အရာရှိများသည် သတင်း အချက်အလက် ရယူရန် သို့မဟုတ် အပြစ်ပေး အရေးယူရန် ရည်ရွယ်၍ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ဆိုးရွားစွာ ဆက်ဆံမှုဟု သတ်မှတ်နိုင်သော လိင်ပိုင်းဆိုင်ရာ နှိပ်စက်မှုများ အပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှု ပုံစံ အမျိုးမျိုးကို ကျူးလွန်ခဲ့သဖြင့် ခံစားခဲ့ရကြောင်း ပြောပြခဲ့ကြသည်။ အစီရင်ခံသည့် ကာလ အတွင်း အင်တာဗျူး ခဲ့သည့် အကျဉ်းကျခံဖူးသူ ၃၂ ဦးအနက် နှစ်ဆယ့်ငါးဦးမှာ ၎င်းတို့သည် ထိန်းသိမ်းခံထားရစဉ် ကြုံတွေ့ခံရပုံနှင့် ပတ်သက်၍ တူညီမှု ရှိပြီး အသေးစိတ်ကျသော သတင်း အချက်အလက်များ ပေးခဲ့ကြသည်။ မြန်မာ စစ်တပ်သည် ဝန်ခံဖြောင့်ချက်များ ရရှိရန်နှင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ သို့မဟုတ် ထိုအဖွဲ့၏ ခေါင်းဆောင်များအား ထောက်ခံသူများကို သတ်မှတ်ဖော်ထုတ်ရန် အတွက် ဤနည်းလမ်းများကို အသုံးပြုခဲ့ကြောင်း ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများက ဆိုခဲ့ကြသည်။

၃၁။ အင်တာဗျူး ဖြေဆိုသူအများစုက ညှဉ်းပန်းနှိပ်စက်မှုများသည် စစ်တပ် စစ်ကြောရေး စခန်းများနှင့် စစ်တပ်ဝင်း အဆောက်အအုံများတွင် အဖြစ်အများဆုံး ဖြစ်ကြောင်း ညွှန်ပြခဲ့ကြသည်။ ညှဉ်းပန်းနှိပ်စက်သည့် နေရာများမှာ ကနဦး ဖော်ပြပါ နေရာ အဆောက်အအုံများ သာမက မန္တလေးရှိ နန်းတော်ဟောင်း ကဲ့သို့ အခြား နေရာများလည်း ပါဝင်ပြီး ၎င်းအဆောက်အအုံများကို စစ်တပ်က ရက်စက်ကြမ်းကြုတ်သော စစ်ကြောရေးများ ပြုလုပ်ရန် နေရာများအဖြစ် အသွင်ပြောင်းခဲ့သည်။ မန္တလေးနှင့် ရန်ကုန်တိုင်း ဒေသကြီးတွင် ဖမ်းမိခဲ့သူများအား မန္တလေး နန်းတော်၊ ရွှေပြည်သာနှင့် ရေကြည်အိုင် စစ်ကြောရေး စခန်းများသို့ ခေါ်ဆောင်သွားကြောင်း၊ ၎င်းတို့သည် ထိုနေရာများတွင် ရက်ပေါင်းများစွာမှ ရက်သတ္တပတ် အနည်းငယ် အထိ ပြင်ပနှင့် အဆက်အသွယ် ဖြတ်တောက်၍ ဖမ်းဆီးခံရကြောင်း ဖော်ပြကြသည်။ အခြားနေရာများတွင် ထိန်းသိမ်းခံရသူများကလည်း ရဲစခန်းများနှင့် စစ်တပ် စခန်းများတွင် အချိန်ကာလ အမျိုးမျိုး ကြာသည် အထိ ထိန်းသိမ်းခံရကြောင်း ဖော်ပြကြပြီး ထိုနေရာများတွင် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် မတရား ဆက်ဆံမှုများကို ခံစားခဲ့ရကြောင်း ဆိုပါသည်။

၃၂။ မန္တလေး နန်းတွင်း၊ ရွှေပြည်သာနှင့် ရေကြည်အိုင် စစ်ကြောရေး စခန်းများမှ ထိတ်လန့်ဖွယ်ရာ သက်သေထွက်ဆိုချက်များ အရ ၎င်းတို့၏ မျက်စိကို အဝတ်ဖြင့် စည်း၍ တစ်ဦးချင်းစီအား သီးခြား စစ်ကြောရေး အခန်းများသို့ ခေါ်ဆောင်သွားပြီး စစ်ကြောရေး အရာရှိ အမြောက်အများက ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ဆိုးရွားစွာ ဆက်ဆံမှုများ ရှိခဲ့ကြောင်း အင်တာဗျူး ဖြေဆိုစဉ် ဆိုခဲ့ကြသည်။ ကျူးလွန်ခံရသူများမှာ ဆွဲဆန့်သည့် အနေအထားနှင့် အချိန် ကြာမြင့်စွာ အတင်းအကျပ် နေစေခြင်း၊ အစာရေစာ အငတ်ခံစေလျက်

[11] A/HRC/48/67; A/HRC/49/72; A/HRC/48/67; A/HRC/53/52; A/HRC/54/59; A/78/316.

မျက်နှာကျက်မှ စောက်ထိုးတွဲလောင်း ချိတ်ထားခြင်း၊ မာကျောသော သို့မဟုတ် ချွန်ထက်သော အရာဝတ္ထုများ အပေါ် ဒူးထောက်စေခြင်း သို့မဟုတ် တွားသွားစေခြင်း၊ အကြောက်တရား လွှမ်းမိုးစေရန် မြွေနှင့် ပိုးမွှားများကို အသုံးချခြင်း၊ သံတုတ်၊ ဝါးတုတ်၊ နံပါတ်တုတ်၊ သေနတ်ဒင်၊ သားရေကြိုး၊ ဝါယာကြိုးနှင့် ဆိုင်ကယ် သံကြိုးချိန်းများဖြင့် ရိုက်နှက်ခြင်း၊ အသက်ရှူကြပ်စေခြင်း၊ အတုအယောင် ကွပ်မျက်မှုများ ပြုလုပ်ခြင်း၊ ဓာတ်လိုက်စေခြင်းနှင့် လျှပ်စစ် ကျဉ်စက်၊ မီးခြစ်၊ ဆေးလိပ်နှင့် ရေနွေးပူ စသည်တို့နှင့် အပူလောင်သည့် ဒဏ်ရာ ရစေခြင်း၊ ပွင့်နေသော ဒဏ်ရာများ အပေါ် ပူစပ်စေသော ဆေးရည်များ ပက်ဖြန်းခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများအား ဖြတ်တောက်ခြင်းနှင့် ခြေသည်း လက်သည်းခွံ ခွာခြင်း၊ အိပ်ရေးပျက်စေခြင်း၊ အစာရေစာ မပေးခြင်း စသည့် နည်းများဖြင့် ညှင်းပန်းနှိပ်စက်ခံခဲ့ရကြောင်း ဖော်ပြခဲ့သည်။ မုဒိန်းမှု အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပြင် အခြားသူများ ရှေ့တွင် အတင်းအကျပ် အဝတ်ချွတ်ခိုင်းခြင်း ကဲ့သို့ လိင်အသားပေး ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ဆိုးရွားစွာ ဆက်ဆံခြင်းများ ရှိကြောင်း ယုံကြည်စိတ်ချရသော တင်ပြချက်များ ဖော်ပြနေပါသည်။[12]

၃၃။ အင်တာဗျူး ဖြေဆိုသူ အများစုက ၎င်းတို့အပေါ်နှင့် မိသားစုဝင်များ အပေါ် လိင်ပိုင်းနှင့် ရုပ်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများ ခံရနိုင်သည် ဟူသော ခြိမ်းခြောက်မှုများ၊ အတုအယောင် ကွပ်မျက်မှုများနှင့် အခြား အကျဉ်းသားများ၏ ညှင်းပန်းခံရမှုများကို အတင်းအကျပ် နားထောင်စေခြင်းတို့ တွေ့ကြုံရကြောင်း ဆိုခဲ့သည်။ အခြား အကျဉ်းသားများ၏ နာကျင်ခံစားရသည့် အော်ဟစ်ငြီးတွားသံများ တိတ်ဆိတ်သွားချိန်တွင် အလွန်အမင်း ကြောက်ရွံ့ခဲ့ရကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြန်ပြောင်း ပြောကြားကြသည်။ ထိုသို့ အော်သံများ တိတ်ဆိတ်သွားခြင်းသည် အော်ဟစ်နေသူက သေဆုံးသွားခြင်းဟု ထင်မြင်မိကာ ကိုယ်တိုင်လည်း ထိုသို့သော အန္တရာယ်ကို ရင်ဆိုင်ရနိုင်သည် ယူဆခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောဆိုခဲ့သည်။ အင်တာဗျူး ဖြေဆိုသူများက စစ်ကြောရေး စခန်း၌ ရှိစဉ် ၎င်းတို့၏ အသက်သည် ဖမ်းဆီးထိန်းသိမ်းသူများ၏ လက်ခုပ် အတွင်း၌ ရှိသည်ဟု ခြိမ်းခြောက်ခံခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။ "မင်းကို သတ်ပြီး မီးရှို့ပစ်လိုက်လို့ ရတယ်၊ မင်း မိဘတွေက မင်း ဘာဖြစ်သွားမှန်းတောင် သိမှာ မဟုတ်ဘူး"ဟု အပြောခံခဲ့ရကြောင်း ဖမ်းဆီး ထိန်းသိမ်းခံရစဉ် အသက် မပြည့်သေးသည့် အင်တာဗျူး ဖြေဆိုသူက ဆိုခဲ့သည်။ အလားတူ ဖြစ်ရပ်များကို အခြား နေရာများမှလည်း ကြားသိခဲ့ရပါသည်။ ရေကြည်အိုင် စစ်ကြောရေး စခန်းတွင် ထိန်းသိမ်းခံခဲ့ရသော အခြား အင်တာဗျူး ဖြေဆိုသူ တစ်ဦးက စစ်ကြောရေး ကာလ အတွင်း အကြောက်တရား စိုးမိုးစေရန် သူ၏ ကိုယ်ပေါ်တွင် မြွေတစ်ကောင်ကို တင်ထားခဲ့ကြောင်း ဖော်ပြခဲ့သည်။ စစ်ကြောရေး စခန်းများမှ အခြား နေရာသို့ ပြောင်းရွှေ့ခံရသောအခါ အလွန်အမင်း စိတ်သက်သာရာ ရခဲ့ကြောင်း ဆိုသော်လည်း ၎င်းတို့သည် အကျဉ်းမှ လွတ်မြောက်ပြီးနောက်ပိုင်းတွင်ပင် ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာ ဆက်ဆံခံရမှု၏ ရုပ်ပိုင်း နှင့် စိတ်ပိုင်း ဆိုင်ရာ ရေရှည် ဆိုးကျိုးသက်ရောက်မှုများအား ခံစားနေရဆဲ ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူ အများအပြားက ဖော်ပြခဲ့ကြသည်။ ရေရှည် သက်ရောက်မှုများတွင် မှတ်ဉာဏ် ဆုံးရှုံးခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း၊ ကြွက်သားနှင့် အရိုးအဆစ် နာကျင်ခြင်း၊ ဗိုက်နာ ဗိုက်အောင့်ခြင်းနှင့် အကြား အာရုံကြော ပြဿနာများ ပါဝင်ကြသည်။

၃၄။ အကျဉ်းထောင် အတွင်း ဆန္ဒပြမှုများတွင် ဦးဆောင်သူများ သို့မဟုတ် ပါဝင်သူများဟု ယူဆရသူများ အပေါ် စစ်တပ်က ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာ ဆက်ဆံမှုကို ပုံစံ အမျိုးမျိုးဖြင့် ကျူးလွန်နေကြောင်း ဖမ်းဆီးထိန်းသိမ်းခံရသူများက ဆက်လက် ဖော်ပြခဲ့သည်။ ပဲခူးတိုင်းရှိ ဒိုက်ဦး အကျဉ်းထောင်၊ မကွေး အကျဉ်းထောင်၊ ကချင်ပြည်နယ်ရှိ မြစ်ကြီးနား အကျဉ်းထောင်၊ စစ်ကိုင်းတိုင်းရှိ မုံရွာ အကျဉ်းထောင်နှင့် တနင်္သာရီတိုင်းရှိ ထားဝယ် အကျဉ်းထောင်တို့မှ အစီရင်ခံ တင်ပြချက်များ အရ အကျဉ်းကျခံရသူများသည် နှိပ်စက်ညှင်းပန်းမှုများဟု သတ်မှတ်နိုင်သည့် ပြင်းထန်သော ပြစ်ဒဏ်များ ခံရကြောင်း ဖော်ပြထားသည်။ ဧရာဝတီတိုင်းရှိ ပုသိမ်အကျဉ်းထောင်၊ ပဲခူးတိုင်းရှိ သာယာဝတီ အကျဉ်းထောင်၊ မန္တလေးတိုင်းရှိ မြင်းခြံ အကျဉ်းထောင်နှင့် အိုးဘို အကျဉ်းထောင်၊ ကရင်ပြည်နယ်ရှိ ကလေး အကျဉ်းထောင်နှင့် ရန်ကုန်တိုင်းရှိ အင်းစိန် အကျဉ်းထောင်တို့တွင်လည်း အလားတူ ပြုမှုဆက်ဆံမှုများ ရှိကြောင်း သတင်း ရရှိခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများသည် အကျဉ်းထောင် အတွင်း မတရား ဖိနှိပ်မှုများကို ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း အတွက် အပြင်းအထန် ရိုက်နှက်ခြင်း၊ တိုက်ပိတ်ခြင်း၊ အစာရေစာ မကျွေးမွေးခြင်းနှင့် အချို့ ဖြစ်ရပ်များတွင် စွဲချက်

[12] A/HRC/56/CRP.8.

အသစ်များဖြင့် တရားစွဲခြင်း ကဲ့သို့ လက်တုံ့ပြန်ခြင်းနှင့် မလိုလားအပ်သော အပြစ်ပေးမှုများကို ဆက်လက် ရင်ဆိုင်နေရပါသည်။

## ဂ။ ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးမှုများ

၃၅။ မြန်မာ စစ်တပ်က ဖမ်းဆီးထိန်းသိမ်းထားစဉ် ၎င်းတို့ ဖမ်းဆီးထားသူများ သေဆုံးမှုသည် စိုးရိမ်ဖွယ်ရာ ကောင်းလောက်အောင် ဆက်လက် များပြားနေပါသည်။ အစီရင်ခံသည့် ကာလအတွင်း အမျိုးသမီး ၅၈ ဦး၊ ယောကျာ်းလေး ၃၁ ဦးနှင့် မိန်းကလေး ၂ ဦး အပါအဝင် အနည်းဆုံး လူပေါင်း ၇၅၉ ဦးမှာ မြန်မာ စစ်သားများက ဖမ်းဆီးထိန်းသိမ်းထားရစဉ် သေဆုံးခဲ့ရပါသည်။ ဤအရေအတွက်သည် ၂၀၂၁ ခုနှစ်၊ အကျပ်အတည်း စတင်သည့် အချိန်မှစ၍ စစ်တပ်၏ ဖမ်းဆီးခံထားရပြီး သေဆုံးခဲ့သည့် စုစုပေါင်း ၁,၈၅၃ ဦး (အမျိုးသမီး ၁၂၅ ဦး၊ မိန်းကလေး ၁၁ ဦးနှင့် အမျိုးသား ၇၇ ဦး) ၏ ၄၁ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ ထိုသို့ သေဆုံးသူ အများစုသည် စစ်ကြောရေး ခံပြီးနောက် ဆိုးရွားစွာ ပြုမူဆက်ဆံခြင်းကြောင့် သို့မဟုတ် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု မပေးခြင်းကြောင့် သေဆုံးခဲ့ကြောင်း ဆန်းစစ် အတည်ပြုပါသည်။ ပျှမ်းမျှအားဖြင့် စစ်တပ်က ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးမှုသည် သုံးနှစ်ကျော် ကာလ အတွင်း နေ့စဉ် လူလေးဦးနှုန်းဖြင့် ရှိပြီး ၎င်းအရေအတွက်သည် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း အတည်ပြုသော စုစုပေါင်း သေဆုံးသူ၏ ၃၅ ရာခိုင်နှုန်း ရှိပါသည်။ သွားရောက် သတင်းယူခွင့် မရှိခြင်း၊ ဆက်သွယ်ရေး ကွန်ရက်လိုင်း အကန့်အသတ် ရှိခြင်း၊ သေဆုံးမှုအား အတည်ပြုရန် ရက်ကြာမြင့်ခြင်းနှင့် စစ်တပ်၏ ဖြစ်နိုင်ချေ ရှိသော ကြိုးပမ်းမှုများကြောင့် တိကျသော အချက်အလက်များ မရရှိရာ ဖမ်းဆီးထိန်းသိမ်း ခံရစဉ် အတွင်း သေဆုံးသူ အရေအတွက်သည် ပို၍ မြင့်မားနိုင်ပါသည်။

၃၆။ စစ်တပ် အာဏာသိမ်းပြီးနောက် ဖမ်းဆီးထိန်းသိမ်း ခံထားရစဉ် သေဆုံးသူ ၁,၈၅၃ ဦးအနက် ၂၅၈ ဦးသည် တရားဝင် ထိန်းသိမ်းရေး စခန်းများ ဖြစ်သည့် စစ်တပ် စစ်ကြောရေး စခန်းများ၊ ရဲစခန်းများနှင့် အကျဉ်းထောင်များတွင် သေဆုံးခြင်း ဖြစ်ပါသည်။ အစီရင်ခံသည့် ကာလ အတွင်း ၉၅ ဦး သေဆုံးခဲ့ပြီး ၎င်းတွင် အမျိုးသမီး ၁၄ ဦးနှင့် ကလေးခြောက်ဦး ပါဝင်ကာ အသက်အငယ်ဆုံးမှာ နှစ်နှစ် အရွယ် မိန်းကလေး တစ်ဦး ဖြစ်သည်။ မြန်မာ စစ်တပ်က ကျေးရွာ အတွင်း ဝင်ရောက်စီးနင်းမှု သို့မဟုတ် ဆက်စပ် မြေပြင် စစ်ဆင်ရေးများ အပြီး သမားရိုးကျ မဟုတ်သည့် နေရာများတွင် ဖမ်းဆီးခဲ့သည့် အရပ်သား ၇၅၉ ဦးအနက် ၆၀၁ ဦးမှာ တရားမျှတသည့် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ ကွပ်မျက်ခံခဲ့ရနိုင်သည်။ အစီရင်ခံစာ ရေးသားသည့် ကာလ အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် သေဆုံးသူ ၇၅၉ ဦးအနက် စစ်ကိုင်းတိုင်းမှ အတည်ပြုထားသော သေဆုံးသူ အများဆုံး ဖြစ်ကာ သေဆုံးသူ ၃၄၀ ဦး ရှိခဲ့သည်။

၃၇။ ရွာများအား ဝင်ရောက်စီးနင်းခြင်း သို့မဟုတ် မြေပြင် စစ်ဆင်ရေးများတွင် ဖမ်းဆီးထိန်းသိမ်း ခံထားရသူများအား သတ်ဖြတ်ခြင်းကို ပထမ ၄၈ နာရီ အတွင်း ကျူးလွန်လေ့ရှိကြောင်း ယုံကြည်စိတ်ချရသော အချက်အလက်များကို ဆန်းစစ်လေ့လာမှုများ အရ သိနိုင်ပါသည်။ သေနတ်ဖြင့် အနီးကပ် ဦးခေါင်းကို ပစ်ခတ်မှု၊ လက်ထိပ်ခတ်ထားသူများအား ကွပ်မျက်မှုနှင့် မီးရှို့သတ်ဖြတ်မှုများသည် သေဆုံးမှုများ၏ အဓိက အကြောင်းရင်းများ ဖြစ်ကြောင်း အစီရင်ခံ တင်ပြကြပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာ စစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ ပြည်သူ့စစ်များသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ကျပိုင် ကျေးရွာအား ဝင်ရောက်စီးနင်းခဲ့ကာ အိမ်ပေါင်း ၂၀၀ ကျော်ကို မီးရှို့ဖျက်ဆီးပြီး အရပ်သား ၆၀ ဦးကို ဖမ်းဆီးခဲ့ကြောင်း ရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။ ၎င်းတို့အထဲမှ အမျိုးသား ဆယ်ဦးမှာ လက်နောက်ပြန် ကြိုးချည်နှောင်ခံရ၍ မီးလောင်ကျွမ်းကာ သေဆုံးနေပြီး ၎င်းတို့၏ ရုပ်အလောင်းများကို မီးလောင်ပျက်စီးသွားသော အုတ်တိုက်အိမ် တစ်လုံးအတွင်း တွေ့ရှိခဲ့ရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော နောက်ထပ် ဖြစ်စဉ် တစ်ခုတွင် မြန်မာ စစ်တပ်က လူငယ် ငါးဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး တစ်ရက် အကြာတွင် မန္တလေးရှိ လမ်းဘေး တစ်နေရာ၌ ၎င်းလူငယ်များ၏ ရုပ်အလောင်းများကို ရွာသားများက တွေ့ရှိခဲ့သည်။ ၎င်းလူငယ်များ၏ လက်ကို နောက်ပြန်ချည်နှောင်ထားပြီး ဦးခေါင်း ဒဏ်ရာများ၊ ခြေလက် အရိုးကျိုးခြင်းများနှင့် ညိုမဲစွဲ ဒဏ်ရာများဖြင့် တွေ့မြင်ခဲ့ရကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောပြခဲ့သည်။

၃၈။ အစီရင်ခံသည့် ကာလအတွင်း တရားဝင် ဖမ်းဆီးထိန်းသိမ်းရေး နေရာများတွင် သေဆုံးမှု အများစုမှာ ဆိုးရွားစွာ ဆက်ဆံခြင်း သို့မဟုတ် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်းကြောင့် ဖြစ်ပုံ ရသည်။ စစ်ကြောရေးတွင် အကျဉ်းသားများ သေဆုံးခဲ့ကြောင်းနှင့် ရုပ်အလောင်းများကို အစိုးရ အရာရှိများက

မီးသင်္ဂြိုလ်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများစွာက အတည်ပြုခဲ့ပြီး ယင်းလုပ်ရပ်ကြောင့် သေဆုံးခြင်း၏ အဓိက အကြောင်းရင်းကို ဖုံးကွယ်ထားနိုင်သလို အခြားသော သက်သေ အထောက်အထားများကိုလည်း ဖျက်ဆီးနိုင်ပါသည်။ အကျဉ်းသားများသည် သဘာဝ အလျောက် သေဆုံးခြင်း သို့မဟုတ် ထွက်ပြေးရန် ကြိုးစားစဉ် သေဆုံးခြင်း ဖြစ်ကြောင်း အာဏာပိုင် အဖွဲ့အစည်းများထံမှ အကြောင်းကြားစာများ ရရှိခဲ့သည်ဟု မိသားစုဝင်များက မကြာသေးမီက အစီရင်ခံ တင်ပြခဲ့သည်။ အခြေအနေ အများစုတွင် သေဆုံးသည့် အကြောင်းရင်းကို ဖော်ပြသည့် ဆေးစစ်ချက် လက်မှတ်အား မိသားစုဝင်များကို ထုတ်ပေးခြင်း မရှိသလို မိသားစုဝင်များအား အသိမပေးဘဲ ၎င်းရုပ်အလောင်းများကိုလည်း မီးရှို့သင်္ဂြိုလ်ခဲ့သည်။ အကျဉ်းသားများသည် ဖမ်းဆီးထိန်းသိမ်းပြီး မသေဆုံးမီ ကျန်းမာရေး ကောင်းမွန်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ မိသားစုဝင်များက ဆိုကြသည်။ ရုပ်အလောင်းများကို မြင်ခဲ့ရသည့် မိသားစုဝင်များ၏ အဆိုအရ ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ရက်စက်စွာ ပြုမူဆက်ဆံ ခံထားရသည်ဟု ယူဆနိုင်သော ဒဏ်ရာများကို ရုပ်အလောင်းများ အပေါ်တွင် တွေ့ခဲ့ရကြောင်း မကြာခဏ ဖော်ပြကြသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ဆန်းစစ် အတည်ပြုထားသော ဖြစ်ရပ် တစ်ခုတွင် မြန်မာ စစ်တပ်သည် လူတစ်ဦးအား ဖမ်းဆီးပြီး လေးရက် အကြာတွင် နှလုံးရောဂါဖြင့် သေဆုံးခဲ့ကြောင်း ထိုသူ၏ မိသားစုကို အကြောင်းကြားခဲ့သည်။ နောက်ပိုင်းတွင် ထိုသူ၏ ရုပ်အလောင်းအား မိသားစုဝင်အား ပြသသောအခါ ၎င်း၌ ဦးခေါင်း ဒဏ်ရာများ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မျက်နှာပြင်နှင့် ညိုမဲစွဲ ဒဏ်ရာများအား တွေ့ရှိခဲ့သည်။ ထိုသူ၏ ရုပ်အလောင်းကို မိသားစုဝင်များ၏ သဘောတူညီချက် မရရှိဘဲ များမကြာမီ မီးရှို့သင်္ဂြိုလ်ခဲ့သည်။

၃၉။ တရားဝင် ဖမ်းဆီးထိန်းသိမ်းရေး စခန်းများတွင် အချုပ်သားများမှာ ၎င်းတို့၏ အချုပ်ခန်းများ အတွင်း သေဆုံးနေသည်ကို တွေ့မြင်ခဲ့ကြောင်း အချုပ်သားများက အကြိမ်ကြိမ် ပြောကြားခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများ သေဆုံးသည့် ဖြစ်ရပ် အချို့မှာ အာဏာပိုင်များက ၎င်းတို့ကို အရေးပေါ် ဆေးဝါးကုသခွင့်၊ အထူးသဖြင့် အကျဉ်းထောင် ပြင်ပရှိ ကျန်းမာရေး စောင့်ရှောက်ရာ နေရာများသို့ သွားရောက် ဆေးကုသခွင့် မပေးဘဲ ငြင်းဆန်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း အတည်ပြုထားသော ဖြစ်ရပ်များက ညွှန်ပြနေသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ၎င်းအသက် မပြည့်သည့် အရွယ်၌ အကျဉ်းသား တစ်ဦး သေဆုံးသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ “ကျွန်တော် သူနဲ့ စကားပြောပြီးတော့ ၁၅ မိနစ် အကြာမှာ သူက ချမ်းတုန်လာပြီး ပါးစပ်က အမြှုပ်တွေ ထွက်လာရင်း သေသွားခဲ့တယ်။ လူငယ်ကျောင်းမှာ ဆရာဝန် တစ်ဦး ရှိပေမယ့်လည်း သူက ရိုးရိုးသာမန် စစ်ဆေးမှုပဲ လုပ်ပြီး အမြဲ ပေးတဲ့ ဆေးတွေသာ ပေးလေ့ရှိတယ်၊”ဟု ပြောကြားခဲ့သည်။

၄၀။ ၂၀၂၃ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင် အဖွဲ့အစည်းများသည် နိုင်ငံရေး အကျဉ်းသားများကို ထိုင်သပိတ်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်သည့် အပေါ် အပြစ်ပေးသည့် သဘောဖြင့် အသုတ်လိုက် ခွဲထုတ်၍ ပိုမို ဝေးလံခေါင်ပါးသော နေရာများသို့ ပြောင်းရွှေ့မှုများ စတင်ခဲ့သဖြင့် အကျဉ်းသားများအား ၎င်းတို့၏ မိသားစုနှင့် ပိုမို ဝေးကွာစေကာ အစားအစာ၊ ဆေးဝါးနှင့် အခြား လိုအပ်သော ပစ္စည်းများ ပေးပို့မှုအပေါ် ကန့်သတ်ခဲ့သည်။ တစ်ခါတစ်ရံတွင် စစ်တပ် အာဏာပိုင်များသည် အကျဉ်းထောင် ပြောင်းရွှေ့စဉ် နိုင်ငံရေး အကျဉ်းသားများအား သတ်ဖြတ်မှု ရှိခဲ့ပြီး အကျဉ်းသားများ ထွက်ပြေးရန် ကြိုးပမ်း၍ သေဆုံးရခြင်း ဖြစ်သည်ဟု စစ်တပ်က ထုတ်ပြန်လေ့ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက ဆိုသည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ၂၀၂၃ ခုနှစ်၊ မေလမှ ဇူလိုင်လ အတွင်း ပဲခူးတိုင်းရှိ ဒိုက်ဦး အကျဉ်းထောင်မှ အကျဉ်းသား ၃၇ ဦးကို ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားကြောင်း သတင်းရရှိခဲ့သည်။ လပေါင်းများစွာ ကြာပြီးနောက်မှသာ မိသားစု အချို့သည် ၎င်းတို့၏ မိသားစုဝင်များမှာ ထွက်ပြေးရန် ကြိုးပမ်းသဖြင့် ပစ်သတ်ခံခဲ့ရကြောင်း အကြောင်းကြားစာများ ရရှိခဲ့သည်ဟု ဆိုကြသည်။ ထိုဖြစ်ရပ်များနှင့် ဆက်စပ်၍ နောက်ပိုင်းတွင် ရုပ်အလောင်းများအား မရရှိခဲ့ကြောင်း မိသားစုဝင်များက အတည်ပြုခဲ့သည်။ အကျဉ်းသားများအား ကြိုတင် အသိပေးခြင်း မရှိဘဲ ညဘက်တွင် အကျဉ်းထောင် ပြောင်းရွှေ့လေ့ရှိကြောင်း ထောင်ပြောင်းရွှေ့မှုအား ကြုံတွေ့ခဲ့ဖူးသူက အင်တာဗျူး ဖြေဆိုစဉ် ရှင်းပြခဲ့သည်။ ထောင်ပြောင်းရွှေ့စဉ် အကျဉ်းသားများမှာ လူများ ပြည့်ကျပ်နေပြီး လေဝင်လေထွက် မကောင်းသော ကုန်တင်ကားများပေါ်တွင် နာရီပေါင်းများစွာ သံကြိုးဖြင့် ချည်နှောင်ခံထားရသည်။

၄၁။ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA) က ၎င်း၏ တပ်ဖွဲ့ဝင် သုံးဦးအား အခွင့်အာဏာ အလွဲသုံးစားလုပ်မှု၊ ပြန်ပေးဆွဲမှု၊ ငွေညှစ်ခြိမ်းခြောက်မှု၊ လူကုန်ကူးမှု၊ လူသတ်မှုနှင့် ခိုးမှုတို့ဖြင့် စွပ်စွဲကာ သေဒဏ်ပေးခဲ့ကြောင်း ကြေညာပြီးနောက် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၏

ဖမ်းဆီးထိန်းသိမ်းမှု အောက်တွင် သေဆုံးမှုများမှာ စိုးရိမ်ဖွယ်ရာ ကိစ္စတစ်ရပ် အဖြစ် ဖြစ်တည်လာပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့်အတူ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေသည် လွတ်လပ်ခွင့် ဆုံးရှုံးသူများအား လူသားဆန်စွာ ဆက်ဆံရန် တာဝန်ရှိကြောင်းနှင့် အရေးကြီးသော တရားစီရင်ရေး ဆိုင်ရာ အာမခံချက်များ အားလုံး ပါဝင်သည့် တရားမျှတသော တရားစီရင်မှုမှ လွဲ၍ လူပုဂ္ဂိုလ်အား ပြစ်ဒဏ်စီရင်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းကို တားမြစ်ထားကြောင်း ပြန်လည် အသိပေးအပ်ပါသည်။[13]

## ဃ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

၄၂။ ဖမ်းဆီးထိန်းသိမ်းခံထားရသူများ အပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် စိုးရိမ်ဖွယ်ရာ ပြဿနာ တစ်ရပ် အဖြစ် ပို၍ အကြောင်းကြားလာကြသည်။ ထိုကဲ့သို့ ဖြစ်မှုများနှင့် ဆက်စပ်သည့် စွပ်စွဲချက်များ များလာခြင်းနှင့် ၎င်းဖြစ်ရပ်များ အကြောင်း အချိန်မီ အချက်အလက် ရရှိရန် ခက်ခဲမှုများကြောင့် အစီရင်ခံသည့် ကာလအတွင်း စုဆောင်းရရှိသော သတင်း အချက်အလက် အချို့ကို အစီရင်ခံသည့် ကာလ ပြင်ပတွင် ဖြစ်ပွားခဲ့သော်လည်း ယခု အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါသည်။ LGBTIQ+ လူမှုအသိုက်အဝန်းတွင် ပါဝင်ကြသော အမျိုးသားနှင့် အမျိုးသမီးများကို ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်အသားပေး ညှင်းပန်းနှိပ်စက်မှုများအား ပုံမှန် ကျူးလွန်လေ့ရှိကြောင်း ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့သည်။ ကျူးလွန်သူသည် တစ်ဦးချင်းစီ ဖြစ်စေ၊ လူအများနှင့် ဖြစ်စေ အမျိုးသမီး အင်္ဂါဇာတ် အတွင်းနှင့် စအို အတွင်းသို့ ကျူးလွန်သော မုဒိန်းကျင့်မှု၊ ပြင်ပ ရုပ်ဝတ္ထုများဖြင့် ထိုးသွင်းမှု၊ အမျိုးသမီး အကျဉ်းသူများ၏ အင်္ဂါဇာတ် အတွင်း ကိုယ်ထိလက်ရောက် ကိုင်တွယ် ရှာဖွေမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အရှက်ရစေခြင်းတို့ ဖြစ်ပွားကြောင်း အများအားဖြင့် သတင်းပို့ တင်ပြကြသည်။

၄၃။ တရားဝင် ဖမ်းဆီးထိန်းသိမ်းရေး စခန်းများတွင် စစ်ကြောရေး ကာလ၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် လုပ်ရပ်များ မကြာခဏ ဖြစ်ပွားလေ့ရှိပြီး စုံစမ်းစစ်ဆေးသူများက ၎င်းတို့ လိုလားသည့် အချက်အလက်များ မရသည့် အတွက် ပြစ်ဒဏ်ပေးသည့် ပုံစံဖြင့် ထိုသို့ ကျူးလွန်ခြင်း ဖြစ်ကြောင်း အကျဉ်းသားများက ယေဘူယျ အားဖြင့် ယူဆကြသည်။ ထိုသို့ လိင်အကြမ်းဖက်မှု ကျူးလွန်မှုအား ခုခံခြင်းမှာ အဓိပ္ပာယ် မဲ့သည်ဟု ကျူးလွန်ခံရသူများက ယူဆပြီး ထိုသို့ခုခံကာကွယ်ခြင်းကြောင့် စစ်ကြောရေး ပြုသူများကိုသာ ပို၍ ဒေါသ ထွက်စေမည်ဟုလည်း ပူပန်ကြပါသည်။ လွတ်မြောက်လာသူ တစ်ဦးက သူမသည် စစ်ကြောရေး ကာလ၌ ရိုက်နှက်ခံရသည့် နေ့ရက်များစွာကို ကြံ့ကြံ့ခံခဲ့ကြောင်း၊ သို့သော် အဆုံးတွင် အစောင့်နှစ်ဦးက သူမအား ချုပ်နှောင်ကာ အဝတ်အစားများအား အတင်းအကျပ် ချွတ်ပြီး မုဒိန်းကျင့်ခဲ့ကြောင်း၊ အဝတ်ဗလာဖြင့် ရှိနေစဉ် စော်ကားခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုသို့ ပြုကျင့်မှုများကြောင့် နာကျင်ကိုက်ခဲ့သည့် ဒဏ်များ ခံစားခဲ့ရကာ သူမအား ဒူးထောက်ရန် အမိန့်ပေးသည့် အခါ ဒူးမထောက်နိုင်ခဲ့ကြောင်း သူမက ဆိုသည်။ ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များသည် အချုပ်သားများ၏ စအိုပေါက် အတွင်းသို့ တုတ်ချောင်းနှင့် ဖန်ခွက် ကဲ့သို့ ပြင်ပမှ အရာဝတ္ထုများအား အသုံးပြု၍ ထိုးသွင်းခဲ့ကြောင်း အခြား လွတ်မြောက်လာသူများက ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ ဖြစ်ရပ်တစ်ခုတွင် စစ်ကြောရေး အရာရှိက အမျိုးသား အချုပ်သား တစ်ဦးအား လိင်တူချစ်သူဟု စွပ်စွဲကာ ပုလင်း ထိပ်ဝပေါ်တွင် ၎င်း၏ စအိုဝဖြင့် ထိုင်ခိုင်းခဲ့ပါသည်။

၄၄။ မန္တလေးနှင့် ရန်ကုန်မြို့တွင် အကျဉ်းထောင်စောင့်များက တရားခွင် ရုံးထွက်ချိန်အား အကြောင်းပြကာ အချုပ်သား အမျိုးသမီးများ၏ အရှက်သိက္ခာ ထိပါးစေလောက်သော လုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းကို ဆောင်ရွက်သောကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော အမျိုးသမီးများသည် ခုံရုံးတွင် အမှု ရင်ဆိုင်ရမှာကို ထိတ်လန့်ဖွယ်ကောင်းပြီး အရှက်ရစေသည့် လုပ်ရပ်ဟု ပြောဆိုခဲ့ကြသည်။ အကြိမ်ကြိမ် ရုံးချိန်းမှုများ အတွင်း လိင်ပိုင်းဆိုင်ရာ အရ ကြမ်းတမ်းစွာ ကိုင်တွယ် စမ်းသပ်မှုများ ရှိခဲ့ကြောင်း၊ ၎င်းတို့ ရုံးထွက်စဉ် ထိုသို့သော "စစ်ဆေးမှုများ"မှာ ကြိမ်ဖန်များစွာ ဖြစ်လေ့ဖြစ်ထ ရှိကြောင်း အမျိုးသမီး အချို့က ဖော်ပြခဲ့ကြသည်။ ထိုအခြေအနေမှ လွတ်မြောက်လာသော LGBTIQ+ ခံယူချက် ရှိသူများက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် စော်ကားနှောင့်ယှက်မှုများ ခံစားခဲ့ရကြောင်း ပြောကြားခဲ့ကြသည်။ ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များက

[13] ၁၉၄၉ ခုနှစ်၊ ဂျနီဗာ သဘောတူစာချုပ်၊ ကမ္ဘာကြက်ခြေနီ အဖွဲ့ချုပ် ICRC Customary IHL study, rule 100 ၏ ဘုံအပိုဒ် ၃(၁)(ဃ) ကို ကြည့်ပါ။

၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုကို လှောင်ပြောင်ခြင်း၊ ၎င်းတို့၏ လိင်အင်္ဂါအား စစ်ဆေးမည် ဟူသည့် အကြောင်းပြချက်ဖြင့် အဝတ်အစားများအား ချွတ်စေခြင်း၊ အချုပ်သားများကို လှောင်ပြောင်ရီမောရင်း ၎င်းတို့၏ ဖိုလိင်အင်္ဂါအား ထုတ်ပြခြင်း၊ လိင်အင်္ဂါ အစိတ်အပိုင်းများကို ကိုင်တွယ်ခြင်းနှင့် လိင်ပြောင်း အမျိုးသမီးများကို အမျိုးသား ဝတ်စုံ အဝမ္မ ဝတ်စေပြီး အမျိုးသား ရေချိုးခန်းများကို အသုံးပြုစေခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

၄၅။ အကျဉ်းသားများသည် စစ်ကြောရေး၏ နည်းဗျူဟာ တစ်ရပ် အဖြစ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရမည်ဟူသည့် ခြိမ်းခြောက်မှုများနှင့် နှုတ်ဖြင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများအား စဉ်ဆက်မပြတ် ခံစားခဲ့ရကြောင်း အစီရင်ခံ တင်ပြခဲ့ကြသည်။ “မင်းက ငါတို့ကို အချက်အလက်တွေ မပေးဘူး ဆိုရင် မင်းကို ငါတို့ သတ်နိုင်တယ်၊ မုဒိန်းကျင့်နိုင်တယ်။ ပြီးရင် မင်းက ကိုဗစ်ကြောင့် ဆုံးသွားတယ် ဆိုပြီး ပြောလို့ရတယ်။ ဘယ်သူမှ မသိဘဲနဲ့ မင်း အစပျောက်သွားမယ်၊”ဟု အပြောခံခဲ့ရကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ထိန်းသိမ်းခံရပြီး လွတ်မြောက်လာသူ တစ်ဦးက ပြောပြခဲ့သည်။ အခြား အကျဉ်းသူ တစ်ဦးကလည်း သူမအား စစ်ဆေးမေးမြန်းစဉ် ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များက သူမကို အုပ်စုဖွဲ့၍ မုဒိန်းကျင့်ပြီး အဝတ်မဲ့ဖြင့် ဆွဲကြိုးချ သတ်ပြစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ဆိုခဲ့သည်။

၄၆။ လွတ်မြောက်လာသူများသည် ထိုသို့ စော်ကားခံရပြီးနောက် ရှက်ရွံ့ခြင်း၊ အရှက်ကွဲခြင်း၊ လူမဆန်မှုကို ခံစားရခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်မည့် ဟူသည့် အတွေးများကို အများအားဖြင့် ခံစားရကြောင်း ၎င်းတို့၏ စိတ်အခြေအနေကို ဖော်ပြလေ့ရှိသည်။ လိင်ပိုင်းဆိုင်ရာ  စော်ကားခံရပြီးနောက် အလွန်အမင်း ရှက်ရွံ့စိတ်ကို ခံစားခဲ့ရသည့် လူငယ် အကျဉ်းသားများအား ဂရုပြု စောင့်ရှောက်ခဲ့ရကြောင်း လွတ်မြောက်လာသူ တစ်ဦးက ပြောကြားခဲ့သည်။

၄၇။ ကျူးလွန်သူများသည် ၎င်းတို့၏ လုပ်ရပ်အတွက် အပြစ်ပေးအရေးယူခံရခြင်း မရှိဟု ယုံကြည်သဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အလွဲသုံးစားပြုမှု၊ စော်ကားမှုနှင့် ခြိမ်းခြောက်မှုများ၊ ရိုက်နှက်ခြင်းနှင့် အခြား အကြမ်းဖက်မှု ပုံစံများကို အကြိမ်ကြိမ် ကျူးလွန်နေခြင်း ဖြစ်သည်။ ထိန်းသိမ်းရေး အာဏာပိုင်များက ၎င်းတို့ မည်သူမည်ဝါ ဖြစ်သည်ကို ဖုံးကွယ်ရန် စစ်ကြောရေးခံသူ၏ မျက်လုံးကို အဝတ်ဖြင့် စည်းခြင်း၊ အချင်းချင်း ခေါ်ဆိုရာတွင် အမည်ရင်းများအား မသုံးနှုန်းခြင်းတို့ ရှိကြောင်း လွတ်မြောက်လာသူများက တသတ်မတ်တည်း ပြောကြသည်။

## C။ ဖမ်းဆီးထိန်းသိမ်းရာတွင် နေထိုင်ရသည့် အခြေအနေ

၄၈။ အကျဉ်းထောင်မှ လွတ်မြောက်လာသူများသည် ဖမ်းဆီးထိန်းသိမ်းရာ နေရာများ၌ တဖြည်းဖြည်း အခြေအနေ ဆိုးရွားလာပြီး လူမဆန်စွာ ဆက်ဆံမှုများ ရှိကြောင်း အမြဲတစေ ပြောကြားခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ အကျဉ်းထောင် ၁၂ ခုမှ လွတ်မြောက်လာသူများ၏ အင်တာဗျူး ဖြေကြားချက်များ အရ လဲလျောင်းရန် သို့မဟုတ် သွားလာလှုပ်ရှား၍ မရအောင် လူဦးရေ နှစ်ဆထည့်ထားသော ညစ်ပတ်ပေရေသည့် အဆောက်အအုံများ၌ အလင်းရောင် မလုံလောက်သော၊ လေဝင်လေထွက် မကောင်းသော၊ လူဦးရေ ထူထပ် ကျပ်ညပ်နေသော အခန်းများ အကြောင်းကို ယေဘူယျအားဖြင့် ဖော်ပြခဲ့ကြပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ကိုယ်လက် လှုပ်ရှားမှု သို့မဟုတ် ယုံကြည်ကိုးကွယ်မှု ဘာသာရေး ဝိနည်းအတိုင်း မနေနိုင်ဘဲ ကာလကြာရှည် ချုပ်နှောင်ခံထားရမှု အကြောင်းကိုလည်း ဖော်ပြခဲ့ပါသည်။ ပုပ်သိုးနေသော အစားအစာများနှင့် မသန့်ရှင်းသော သောက်သုံးရေများအား စားသောက်ခြင်းနှင့် ထိတွေ့ရခြင်းကြောင့် ရေမှတစ်ဆင့် ကူးစက်သော ရောဂါများ အလွန် ပျံ့နှံ့ဖြစ်ပွားလာပါသည်။ ပုပ်သိုးနေသော သို့မဟုတ် မကျက်တကျက် ဖြစ်နေသော အစားအစာများကို စားသုံးရခြင်း အပြင် မစင်နှင့် ပိုးမွှားများ ပါဝင်သော အိမ်သာရေ အပါအဝင် မသန့်ရှင်းသော ရေများကို သောက်သုံးရကြောင်းကို အင်တာဗျူး ဖြေဆိုသူ အမြောက်အများက ဖော်ပြခဲ့ပါသည်။ အကျဉ်းထောင်များတွင် ဆေးဝါး ပစ္စည်းများ၊ အရည်အချင်း ပြည့်မီသော ဝန်ထမ်းများ မရှိကြောင်း၊ ပါရာစီ တမောလ် ကဲ့သို့ အခြေခံ ဆေးဝါးများသာ ရှိကြောင်း၊ ထိုဆေးဝါးများကိုပင် အစောင့်အား ငွေပေးခြင်း သို့မဟုတ် လာဘ်ထိုးခြင်းဖြင့်သာ ရရှိနိုင်ကြောင်း အင်တာဗျူး ဖြေဆိုသူများက ဖော်ပြခဲ့သည်။ ရနိုင်သည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများမှာ သွားဆရာဝန် တစ်ဦး သို့မဟုတ် အခြား အကျဉ်းကျနေသော ဆရာဝန်များနှင့် သူနာပြုများသာ ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူ အချို့က ညွှန်ပြခဲ့သည်။

၄၉။ စဉ်ဆက်မပြတ် အကြမ်းဖက်မှု၊ ငွေညှစ်ခြိမ်းခြောက်မှုနှင့် ဖမ်းဆီးထိန်းသိမ်းရေး အာဏာပိုင်များက လုပ်ပိုင်ခွင့် ပေးထားသည့် အခြား အကျဉ်းသားများ၏ အလွဲသုံးစားပြုမှု အပါအဝင် အခွင့်အာဏာ အလွဲသုံးစားပြုခြင်းသည် အခြေအနေအား ပိုမို ဆိုးရွားစေပါသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် မန္တလေး တိုင်းဒေသကြီးရှိ မြင်းခြံ အကျဉ်းထောင်၌ ဆန္ဒထုတ်ဖော်မှု ရှိလာလျှင် ထောင်အာဏာပိုင်များသည် ဆန္ဒထုတ်ဖော်သည့် အခြား အကျဉ်းသားများနှင့် အတူ ပုံစံထိုင်ခိုင်းလေ့ရှိပြီး "ကျွန်တော်တို့ နာမည်တွေကို သူတို့က တစ်ယောက်ချင်း ခေါ်ပြီး ကျွန်တော်တို့က 'အပြစ်ပေးခန်း'ထဲ ဝင်ရတယ်။ ဖိနပ်နဲ့ အကျီတွေ ချွတ်ခိုင်းတယ်။ ကျွန်တော် အထဲ ရောက်တော့ လူခုနစ်ယောက် ရှိနေတယ်။ ထောင်အရာရှိ တစ်ယောက်က စောင့်ကြည့်နေပြီး [သူ့က အချက်ပြတဲ့ အခါ] ရာဇဝတ် အကျဉ်းသားတွေက ကျွန်တော့်ကို စရိုက်တယ်။ ကျွန်တော့်ကို [ထိုးကြိတ်] ကန်ကျောက်တယ်။ နံပါတ်တုတ်နဲ့လည်း ရိုက်ကြတယ်။"ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဖော်ပြခဲ့သည်။

၅၀။ အမျိုးသမီးများသည် အကြပ်ကိုင်မှု၊ ခြိမ်းခြောက်မှုနှင့် ကိုယ်ထိလက်ရောက်/ နှုတ်ဖြင့် စော်ကားမှုများ အပြင် မျိုးဆက်ပွား ကျန်းမာရေးနှင့် သားဖွားပြီးချိန် ကျန်းမာရေး စောင့်ရှောက်မှု၊ လုံလောက်သော ရေချိုးခန်း၊ အိမ်သာနှင့် ဓမ္မတာလာချိန်သုံး တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများ မရရှိခြင်းတို့လည်း ကြုံတွေ့ခဲ့ရပါသည်။ ကရင် ပြည်နယ်ရှိ တောင်ကလေး အကျဉ်းထောင်တွင် "ကျွန်မတို့ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် သုံးရတဲ့ ရေက အင်မတန် ညစ်ပတ်ပါတယ်။ ရေမှာက အဖြူရောင် အလွှာတစ်ခုကို တွေ့ရပါတယ်။ အဲဒီ ရေချိုးတဲ့အခါ ခန္ဓာကိုယ်မှာက အနံ့ဆိုးတွေ ကျန်နေတယ်။ ဒါမေပယ့် ကျွန်မတို့မှာ ရွေးချယ်စရာ မရှိဘူးလေ၊ အမျိုးသမီးတွေ အနေနဲ့ ဒီရေနဲ့ပဲ အင်္ဂါဇာတ်တွေ ဆေးရတာ။ ကျွန်မတို့ထဲက အများစုက ဆီးလမ်းကြောင်း ပိုးဝင်တာမျိုး ခံစားရတယ်၊"ဟု ဆိုခဲ့သည်။ ရောဂါ အခံရှိသူများ သို့မဟုတ် မသန်စွမ်း ပုဂ္ဂိုလ်များသည် ဖမ်းဆီးထိန်းသိမ်းရေး စခန်းများ၌ ကျန်းမာရေးနှင့် မသင့်လျော်သော အဆောက်အအုံများနှင့် ပတ်ဝန်းကျင် အခြေအနေများကြောင့် ထိခိုက်ခံစားရပြီး အချို့အခြေအနေများတွင် မိသားစုဝင်များက ပေးပို့သည့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများနှင့် ဆေးဝါးများကို အကျဉ်းထောင် အာဏာပိုင်များက ထုတ်မပေးကြောင်း အင်တာဗျူး ဖြေဆိုသူ အချို့က ဆိုခဲ့သည်။ လူနည်းစု ဘာသာတရား သက်ဝင်ယုံကြည်သူ အကျဉ်းသားများသည် ခွဲခြားဆက်ဆံမှုနှင့် စော်ကား နှောင့်ယှက်ခြင်းများကို ခံစားရကြောင်း၊ ၎င်းတို့၏ ဘာသာတရားကို ကိုးကွယ်ခွင့် မရကြောင်း၊ ဘာသာရေး အရ စားသုံးခွင့် မရှိသော အစားအစာများကို စားစေကြောင်း စွပ်စွဲပြောဆိုကြပြီး အစားအစာ လုံလောက်စွာ မရရှိခြင်းသည် အဓိက စိုးရိမ်ဖွယ်ရာ အချက်အဖြစ် တည်ရှိနေပါသည်။

၅၁။ OHCHR သည် အကျဉ်းထောင်များ၌ နိုင်ငံရေး အကျဉ်းသားများအား အတင်းအကျပ် သို့မဟုတ် မလိုလားအပ်သော အလုပ်ခိုင်းစေခြင်းများ ရှိကြောင်း တင်ပြချက်များကိုလည်း လက်ခံရရှိပါသည်။ ရောဝတီ တိုင်းဒေသကြီးရှိ မအူပင် အကျဉ်းထောင်တွင် ဒေသဈေးကွက်တွင် ရောင်းချမည့် အဝတ်အထည်များကို အဓမ္မ ချုပ်လုပ်စေခဲ့ပြီး အကျိုးအမြတ်များကို အကျဉ်းထောင် အာဏာပိုင်များ အကြား ခွဲယူခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သတင်းပို့ခဲ့သည်။ မျှတသော တရားစီရင်မှု အာမခံချက်များ သိသိသာသာ ကင်းမဲ့နေသည့် လုပ်ထုံးလုပ်နည်းများဖြင့် ပြစ်ဒဏ်ချခံရသူများအား အကျဉ်းထောင်တွင်း အလုပ် လုပ်ရန် ခိုင်းစေခြင်းသည် အဓမ္မ ခိုင်းစေမှု ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (Forced Labour Convention) ပါ မြန်မာ နိုင်ငံ၏ ကတိကဝတ်နှင့် ကိုက်ညီမှု မရှိကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO) ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ပုဒ်မ ၂၆ အရ ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေး ကော်မရှင် (Commission of Inquiry) က ကောက်ချက်ချခဲ့ပါသည်။[14]

၅၂။ အချုပ်သားများအား တွေ့ဆုံခွင့် အပေါ် အလွန် ကန့်သတ်ထားကြောင့် မိသားစုဝင်များ အနေဖြင့် ထောင်ဝင်စာ တွေ့ခြင်းနှင့် ရှေ့နေများနှင့် တွေ့ဆုံရန် အလွန် ခက်ခဲနေဆဲ ဖြစ်ပါသည်။ ထောင်ဝင်စာ အတွက် ကိုဗစ် ၁၉ စည်းကမ်း ကန့်သတ်ချက်အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှသာ ပယ်ဖျက်ခဲ့သော်လည်း မြန်မာ စစ်တပ်သည် စာရွက်စာတမ်း လိုအပ်ချက်များကို တင်းကျပ်စွာ သတ်မှတ်၍ မိသားစုဝင်များ ထောင်ဝင်စာ တွေ့မှုကို ဆက်လက် ကန့်သတ်နေဆဲ ဖြစ်သည်။ လက်နက်ကိုင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားသော ဒေသများတွင် အကျဉ်းထောင် လုံခြုံရေးကို တင်းကျပ်လာပြီး အကျဉ်းသားများ၏ မိသားစုနှင့် ရှေ့နေများနှင့် ဆက်သွယ်နိုင်မှု သာမက ပြင်ပမှ အစားအသောက်၊ ဆေးဝါးများ ရရှိနိုင်မှုကိုပါ အလွန်အမင်း ကန့်သတ်ပိတ်ပင်ထားပါသည်။

[14] https://www.ilo.org/publications/towards-freedom-and-dignity-myanmar.

## စ။ စိတ်ကျန်းမာရေး

၅၃။ လူ့အခွင့်အရေး အခြေအနေအား ဘက်ပေါင်းစုံ သုံးသပ်ရာတွင် ကျူးလွန်ခံရသူများနှင့် အင်တာဗျူး မေးမြန်းရာ၌ စိတ်ကျန်းမာရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများ မကြာခဏ ရှိလာခဲ့သည်။ မကြာမီက ထုတ်ပြန်သည့် အစီရင်ခံစာများတွင် ဖော်ပြသကဲ့သို့ပင် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများ အနေဖြင့် စိတ်ကျန်းမာရေး ဝန်ဆောင်မှု ပေးသူများ အတွက် တစိုက်မတ်မတ်နှင့် ပစ်မှတ်ထား ပံ့ပိုးခြင်းသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လက်ရှိ နှင့် အနာဂတ် ဘဝ၌ သိသာထင်ရှားစွာ ပြောင်းလဲစေနိုင်ပါသည်။ အမှန်တကယ် အလုပ်ဖြစ်သော အစိုးရ ဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည် မရှိသည့် အချိန်တွင် လူမှု အသိုက်အဝန်းနှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများသည် ကျူးလွန်ခံရသူများနှင့် မြေပြင် အဆင့်ရှိ ရပ်ရွာလူထု အသိုက်အဝန်းများ အတွက် အခြေခံ စိတ်ကျန်းမာရေး အထောက်အပံ့ ပေးရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေဖို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြသည်။ နှစ်ပေါင်းများစွာ အကြမ်းဖက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခများ၏ စဉ်ဆက်မပြတ် သက်ရောက်မှုများအား ရင်ဆိုင်နေရသော အတိဒုက္ခ ရောက်နေသည့် လူထု တစ်ရပ်လုံးကို ပံ့ပိုးပေးနိုင်ရန် စိတ်ကျန်းမာရေး ဝန်ဆောင်မှုအား အလွန်အမင်း လိုအပ်နေပါသည်။

၅၄။ ကာလကြာရှည် ဖြစ်ပွားသည့် အကြမ်းဖက်မှုကြောင့် မြန်မာ နိုင်ငံရှိ ဒေသအများအပြားတွင် လူမှုရေး ဖွဲ့စည်းပုံများ ပြိုကွဲစေခဲ့ပြီး စံတန်ဖိုးများကို ထိခိုက်စေကာ လူမှု အသိုက်အဝန်းများ အကြား တင်းမာမှုများ မြင့်တက်စေခဲ့သည်။ အကြမ်းဖက်မှုနှင့် အကြောက်တရားအား စဉ်ဆက်မပြတ် ကြုံတွေ့နေရခြင်းကြောင့် မြန်မာ နိုင်ငံရှိ ကျူးလွန်ခံရသူများနှင့် လူမှု အသိုက်အဝန်းများ၏ စိတ်ကျန်းမာရေးနှင့် ကဏ္ဍ အသီးသီး အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိခဲ့ပါသည်။ ဤနေရာတွင် ဖော်ပြထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ယခင်က ရက်စက် ကြမ်းကြုတ်မှုများကြောင့် ဖြစ်ပေါ်လာသော ရှိရင်းစွဲ စိတ်ကျန်းမာရေး ပြဿနာများ အပြင် ကပ်ရောဂါ၊ လျှပ်စစ်မီးမရမှု၊ စဉ်ဆက်မပြတ် စောင့်ကြည့်ခံရခြင်းနှင့် ဆိုးရွားလှသော စီးပွားရေး အခြေအနေ အပါအဝင် ၎င်းတို့၏ နေ့စဉ်သက်တာတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ပို၍ ဆိုးရွားစေပါသည်။ အင်တာဗျူး ဖြေဆိုသူများက ၎င်းတို့သည် ကြောက်ရွံ့မှုနှင့် စိုးရိမ်ပူပန်မှုများဖြင့် အမြဲတစေ နေထိုင်ရကြောင်း ဖော်ပြခဲ့ပြီး ထိုသို့ နေထိုင်ရမှုကြောင့် ၎င်းတို့မှာ ရုပ်ပိုင်းဆိုင်ရာနှင့် အွန်လိုင်းတွင်ပါ အထီးကျန်စေလာပါသည်။ ထိုကဲ့သို့ အထီးကျန်ခြင်းကြောင့် စိတ်ဓာတ်ကျဆင်းလာပါသည်။ ကျွမ်းကျင်သူများ၏ လေ့လာချက် အရ မြန်မာ နိုင်ငံရှိ စစ်တမ်း ဖြေဆိုသူ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်သည် စိတ်ဓာတ် ကျဆင်းခြင်းနှင့် စိုးရိမ်ပူပန်မှုများအား တွေ့ကြုံခံစားနေရကြောင်း ဖော်ပြခဲ့သည်။[15]

၅၅။ လူတိုင်း၌ အမြင့်ဆုံး ရနိုင်သော စိတ်ကျန်းမာရေး အဆင့်အတန်းကို ပိုင်ဆိုင်ခွင့် ရှိသော်လည်း[16] မြန်မာ နိုင်ငံသည် လက်ရှိအချိန်၌ နိုင်ငံတွင်း ပျံ့နှံ့နေသော စိတ်ကျန်းမာရေး ဆိုင်ရာ စိုးရိမ် ပူပန်ဖွယ်ရာ အခြေအနေများအား ကိုင်တွယ် ဖြေရှင်းရန် လုံလောက်သော ဥပဒေရေးရာ၊ အဖွဲ့အစည်း ဆိုင်ရာနှင့် ကျွမ်းကျင်မှု ပညာရှင် ဆိုင်ရာ စွမ်းဆောင်ရည် မရှိသေးပေ။ ၁၉၁၂ ခုနှစ် စိတ်ကျန်းမာရေး ဥပဒေ (1912 Lunacy Act) သည် စိတ်ကျန်းမာရေးဝန်ဆောင်မှု အတွက် ဥပဒေရေးရာ အခြေခံ အုတ်မြစ် ဖြစ်သော်လည်း စောင့်ရှောက်မှု လိုအပ်သူများကို “ရူးသွပ်သူများ”၊ “အရူးအမိုက်များ” နှင့် “စိတ်ပုံမှန် မဟုတ်သည့် ပုဂ္ဂိုလ်များ” ဟု မသင့်လျော်စွာ ရည်ညွှန်းထားပါသည်။ စိတ်ပညာရှင် ဖြစ်ကြောင်း အသိအမှတ်ပြု လက်မှတ်၊ လုပ်ပိုင်ခွင့် လိုင်စင် သို့မဟုတ် ကျင့်ဝတ် စံနှုန်းများကို ကြီးကြပ်သည့် စည်းမျဉ်း မူဘောင် သို့မဟုတ် ကျွမ်းကျင်သည့် စိတ်ပညာရှင် အဖွဲ့အစည်း မရှိခြင်းကြောင့် လူနာနှင့် ကျွမ်းကျင် စိတ်ပညာရှင်များ နှစ်ဖက်စလုံး အတွက် ကြီးလေးသော ဆိုးကျိုး သက်ရောက်မှုများ ရှိနေပါသည်။ လက်ရှိ အကျပ်အတည်း မဖြစ်မီကပင် မြန်မာ နိုင်ငံ၏ စိတ်ကျန်းမာရေး နယ်ပယ်၌ လုံလောက်သော စွမ်းဆောင်ရည် မရှိခဲ့ပါ။ ကုလသမဂ္ဂ၏ ကိန်းဂဏန်းများ အရ[17] စစ်အာဏာ သိမ်းမှု မတိုင်မီကပင် မြန်မာနိုင်ငံ၌ လူဦးရေ ၁၀၀,၀၀၀ လျှင် စိတ်ကျန်းမာရေး ကျွမ်းကျင်သူ တစ်ဦးအောက်သာ ပျှမ်းမျှရှိကြောင်း ဖော်ပြထားသည်။ စိတ်ကျန်းမာရေး ဆိုင်ရာ ပညာရေးမှာ လိုအပ်ချက်များ ရှိနေပြီး ဆေးတက္ကသိုလ် ကျောင်းသားများသည် စိတ်ကျန်းမာရေး ဆိုင်ရာ ပို့ချမှုနှင့် လေ့ကျင့်သင်ကြားမှုမှာ

---

[15] https://www.cambridge.org/core/journals/bjpsych-open/article/population-mental-health-in-burma-after-2021-military-coup-online-nonprobability-survey/AA419541C5725D2C5DEB882557E74B50.

[16] ICESCR အပိုဒ် ၁၂ (၁) နှင့် CESCR ၏ General Comment သဘောထား မှတ်ချက် အမှတ် - ၁၄ (၂၀၀၀)

[17] https://iris.who.int/handle/10665/364882?show=full.

နှစ်ပတ်သာ ရှိပါသည်။ စိတ်ကျန်းမာရေး ဆရာဝန်များ အတွက် ဘွဲ့လွန် သင်တန်းမှာ အကန့်အသတ်သာ ရှိပြီး တိုင်းရင်းသား ပြည်နယ်များတွင် ထိုသို့ ပို့ချမှုများ မရှိပါ။ ကျန်းမာရေး လက်ထောက်များမှာ စိတ်ကျန်းမာရေး ပို့ချမှု အချိန် အနည်းငယ်သာ ရရှိခဲ့သည်။ ထို့အတူ စိတ်ပညာ ကျောင်းသားများ အတွက် လက်တွေ့ လေ့ကျင့် သင်ကြားမှုလည်း မရှိပေ။ ဆန်းစစ် အတည်ပြုထားသည့် ကိန်းဂဏန်း အချက်အလက်များ မရှိသော်လည်း စိတ်ကျန်းမာရေး ကျွမ်းကျင်ပညာရှင် အများအပြားသည် အကြမ်းမဖက် အာဏာ ဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင် ပါဝင်ခြင်း သို့မဟုတ် နိုင်ငံရပ်ခြားသို့ တိမ်းရှောင်ခြင်းများ ရှိခဲ့ရာ နာတာရှည် စိတ်ဒဏ်ရာ ခံစားနေရသူများ အတွက် ပို၍ အတိဒုက္ခရောက်ခဲ့သည်။

၅၆။ လူငယ်အများစုသည် လူ့အခွင့်အရေး ချိုးဖောက်မှုကို ကိုယ်တိုင် ခံစားခဲ့ရသော စိတ်ဒဏ်ရာနှင့် သွယ်ဝိုက် ခံစားခဲ့ရသော တစ်ဆင့်ခံ စိတ်ဒဏ်ရာ နှစ်မျိုးစလုံးကို ကိုင်တွယ်ဖြေရှင်းရန် စိတ်ကျန်းမာရေး စောင့်ရှောက်မှု၏ လိုအပ်ချက်ကို သတိပြုမိလာသည်။ လူငယ် အင်တာဗျူး ဖြေဆိုသူ အများအပြားက စိတ်ကျန်းမာရေး ဝန်ဆောင်မှုအား ပို၍ ကျယ်ပြန့်စွာ ရရှိနိုင်ရန် လိုအပ်ကြောင်းနှင့် “ကျွန်တော်တို့က စိတ်ဓာတ် ခိုင်မာရမယ့် အချိန်မှာ စိတ်ကျန်းမာရေးကို အလေးပေးဖို့ ဆောင်ရွက်တာဟာ စိတ်ဓာတ် ပျော့ညံ့မှု အဖြစ် မြင်ကြတယ်၊”ဟု စိတ်ကျန်းမာရေးနှင့် ဆက်စပ်၍ လူ့အဖွဲ့အစည်း အတွင်း အဓိက ဖြစ်ပေါ်နေသော အယူလွဲအား စိတ်ကျန်းမာရေး ဝန်ဆောင်မှု ပေးသူများ အနေဖြင့် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ဤအယူလွဲသည် ဖယ်ကြဉ်ခြင်း၊ ဖယ်ထုတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းသို့ ဦးတည်စေရာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို အလေးထားသကဲ့သို့ပင် အနာဂတ် အတွက် စိတ်ကျန်းမာရေးကို ဦးစားပေးရန် မြေပြင် အခြေပြု ဝန်ဆောင်မှု ပေးသူများအား တိုက်တွန်းခဲ့ပါသည်။

၅၇။ ပြည်သူ့ ဝန်ဆောင်မှု သို့မဟုတ် အစိုးရ ဝန်ဆောင်မှုများ မရှိသည့် အခြေအနေတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများသည် ပထမဦးဆုံး တုံ့ပြန် ဆောင်ရွက်သူများ ဖြစ်လာခဲ့ပြီး အရည်အသွေး ပြည့်မီသော စိတ်ကျန်းမာရေး အထောက်အပံ့နှင့် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက် ပညာပေးမှုများ အပြင် နှစ်သိမ့်ဆွေးနွေးခြင်း သို့မဟုတ် ဆေးကုသမှု လိုအပ်သော အမှုတွဲအား ကိုင်တွယ်ဖြေရှင်းခြင်း သို့မဟုတ် အမှုတွဲ လွှဲပြောင်းမှုများ ဆောင်ရွက်လျက် ရှိသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများသည် အကူအညီ လိုအပ်နေသူများ အတွက် တာဝန်ယူ ဆောင်ရွက်လျက် ရှိပြီး မြန်မာ ပြည်တွင်းနှင့် အရှေ့တောင် အာရှ ဒေသတွင်း နှစ်ရပ်စလုံး၌ ကောင်းမွန်သော အလေ့အထများအား ဖော်ဆောင်ခဲ့ကြသည်။ ရရှိနိုင်သည့် ဝန်ဆောင်မှုများတွင် အကြံပြု ဆွေးနွေးမှုနှင့် စိတ်ရောဂါ ကုသမှု ဝန်ဆောင်မှုများ ပါဝင်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက် လူမှု အဖွဲ့အစည်းများက အကြံပြု ဆွေးနွေးမှု ဝန်ဆောင်မှုများ ပေးကာ မြန်မာနိုင်ငံ၏ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများနှင့် မြန်မာ့ အရပ်ဘက် လူမှု အဖွဲ့အစည်းများက အုပ်စုလိုက် နှစ်သိမ့် ဆွေးနွေး ခြင်းနှင့် အွန်လိုင်းမှ အကြံပြု ဆွေးနွေးခြင်းများအား ဆောင်ရွက်ပေးကြပါသည်။ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများသည် ကလေးသူငယ်များ အတွက် တေးဂီတ၊ အနုပညာ ကုထုံး ပို့ချမှုများနှင့် အကပညာ ပို့ချမှုများမှ တစ်ဆင့် စိတ်ကျန်းမာရေးကို အားပေးမြှင့်တင်ရန် လှုပ်ရှားမှုများ ပြုလုပ်ပေးခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောကြားခဲ့သည်။ ပြည်တွင်းပြည်ပ နှစ်ရပ်လုံးရှိ မြန်မာ့ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများမှ ပေးအပ်သော အထောက်အပံ့များသည် အရေးပေါ် ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန်နှင့် လူပုဂ္ဂိုလ်များအား စိတ်ဒဏ်ရာ ပြန်လည် ရရှိမှုမှ ရှောင်ရှားနိုင်ရေး အတွက် ပံ့ပိုးပေးရာတွင် အရေးပါကြောင်း အင်တာဗျူး ဖြေဆိုသူများက ထပ်လောင်း ပြောကြားခဲ့သည်။

၅၈။ အမျိုးသမီးများနှင့် လူငယ် ဦးဆောင်သော အရပ်ဘက် လူမှု အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များသည် စိတ်ကျန်းမာရေး ဝန်ဆောင်မှု ပေးခြင်း အပေါ် လွှမ်းမိုးနိုင်ပြီး လူထုဗဟိုပြု၊ ရပ်ရွာ အသိုက်အဝန်း အခြေပြု၊နှင့် သက်သေ အထောက်အထား ဗဟိုပြု ချဉ်းကပ်နည်းဖြင့် ဝန်ဆောင်မှုများကို အားကောင်းစေနိုင်ပါသည်။ ထိုကဲ့သို့ အမြင် ရှုထောင့် ပြောင်းလဲခြင်းသည် ဂျန်ဒါ (ကျားမရေးရာ)၊ ယဉ်ကျေးမှု ထုံးတမ်းနှင့် ယုံကြည် ကိုးကွယ်မှု ဘာသာရေးဆိုင်ရာ ထိရှလွယ်မှုများကို ထည့်သွင်းစဉ်းစားထားသော ဝန်ဆောင်မှု ဖြစ်စေရန် အာမခံသည့် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းကို မြှင့်တင်ရန် အရေးပါလှသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သတင်းထောက်များနှင့် သွယ်ဝိုက်သော နည်းဖြင့် စိတ်ဒဏ်ရာ ရနိုင်ကြသူများ အပါအဝင် လူငယ်များသည် ရေရှည်၌ ကိုယ်စိတ်ကျန်းမာစေရန်၊ ရိုးရာ ယဉ်ကျေးမှု အတားအဆီးများနှင့် ဝေဖန်ပြစ်တင်မှုများအား ကျော်လွှားနိုင်ရန်၊နှင့် ကျန်းမာရေး စောင့်ရှောက်ခွင့် ရရှိရေး အတွက် အခြေခံ

အုတ်မြစ်များ တည်ဆောက်နိုင်ရန် စိတ်ကျန်းမာရေး ကုသမှု လုပ်ငန်းစဉ်များ၏ အဓိက အစိတ်အပိုင်း၌ ပါဝင်သင့်ပါသည်။

၅၉။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မည်သည့် အသွင်ကူးပြောင်းမှု မဆို လက်ရှိ အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော သို့မဟုတ် ပိုမို ဆိုးရွားလာသော အရေးကြီး လိုအပ်ချက်များစွာ အနက်မှ ဦးစားပေး အချက်များကို မြန်မာ ပြည်သူများက ဖော်ထုတ်သတ်မှတ်နိုင်ရန် မဖြစ်မနေ လိုအပ်ပါသည်။ မတူကွဲပြားသော လူမျိုးဘာသာ ရပ်ရွာ အသိုက်အဝန်းများ၏ လိုအပ်ချက်များကို စိစစ်သည့် လုပ်ငန်းစဉ် မရှိသေးသည့် အခြေအနေတွင် မြေပြင် အခြေပြု လှုပ်ရှားမှုများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူသားချင်း စာနာထောက်ထားမှု ဝန်ဆောင်မှု ပေးသူများ၏ ရေရှည်တည်တံ့ရေးနှင့် လုပ်ငန်းနယ်ပယ်ကို ထောက်ပံ့ကူညီပေးရန် အရေးကြီးလှပါသည်။

# ၅။ နိဂုံးချုပ်နှင့် အကြံပြု တိုက်တွန်းချက်များ

၆၀။ **ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော လူ့အခွင့်အရေး အခြေအနေသည် မြန်မာ နိုင်ငံတွင် စစ်တပ်၏ လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသော လူ့အခွင့်အရေး အကျပ်အတည်း၏ ပြင်းထန်မှုနှင့် ကျယ်ပြန့်နက်ရှိုင်းမှုတို့ကို ညွှန်ပြနေပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူများသည် ဥပဒေ၏ အကာအကွယ် မရရှိဘဲ မြန်မာ စစ်တပ်၏ မတရားဖမ်းဆီးခံရနိုင်သည့် အန္တရာယ် ရှိသောကြောင့် ဖမ်းဆီးခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် သေဘေးကြုံနိုင်ခြင်း အပေါ် ကြောက်ရွံ့မှုသည် မြန်မာ လူ့အဖွဲ့အစည်းအတွင်း ဖြန့်ကျက်တည်ရှိနေပါသည်။ ကျူးလွန်သူများ တာဝန်ခံမှု ရှိစေရေး အတွက် အရေးယူမည့် ပုံစံ မရှိခြင်းသည် ရာဇဝတ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများကို အကြိမ်ကြိမ် အခါခါ ဖြစ်ပွားစေရန် အားပေးသကဲ့သို့ ဖြစ်နေပါသည်။ မြန်မာ စစ်တပ်၏ အကြမ်းဖက်မှုနှင့် အခြား ဆက်စပ်သည့် လုပ်ဆောင်ချက်များကြောင့် မြန်မာ လူထုသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ အပြင် စိတ်ထိခိုက်မှုများကိုလည်း သိသိသာသာ ရင်ဆိုင်ခံစားနေရပြီး ၎င်းသည် ရေရှည် အကျိုးဆက်များ အဖြစ် ကျန်ရစ်နေမည် ဖြစ်ရာ ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန် မဖြစ်မနေ လိုအပ်ပါသည်။**

၆၁။ **မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတော်၏ တရားဥပဒေ စိုးမိုးမှုအား လေးစားသမှု ရှိရန်နှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရေး အတွက် ရှေးရှုကာ လက်ရှိကာလနှင့် အနာဂတ် ကာလများတွင် ဖြေရှင်းရင်ဆိုင်ရမည့် စိန်ခေါ်မှု အခက်အခဲ ကြီးမားမှုမှာ စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။ မြန်မာ နိုင်ငံ၏ လက်ရှိ တရားရေး စနစ်ကို လုံးဝ ပြုပြင်ပြောင်းလဲရန် လိုအပ်ပြီး စစ်အုပ်ချုပ်ရေး၏ အခြေခံမှုများကို အားပေးပံ့ပိုးခဲ့သော ဥပဒေ အရာရှိများ၊ အထူးသဖြင့် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုများ အတွက် တာဝန်ရှိသူများကို တာဝန်ခံစေရမည် ဖြစ်သလို ၎င်းတို့အား အစားထိုးရပါမည်။ တရားသူကြီးများ၊ ရဲများ၊ အကျဉ်းထောင် ဦးစီးများ၊ စစ်ကြောရေး အရာရှိများနှင့် အစောင့်များသည် လက်ရှိ တရားရေး စနစ်၏ အကျင့်ပျက် ခြစားမှုများ၌ ပါဝင်ပတ်သက်နေမှု အပြင် လူ့အခွင့်အရေး၊ တရားစီရင်ရေး ဆိုင်ရာ သီးခြား လွတ်လပ်မှု၊ မျှတသော တရားစီရင်မှုကို ခံယူပိုင်ခွင့်နှင့် တရားဥပဒေ စိုးမိုးရေး ဆိုင်ရာ အခြေခံ သဘောတရားများကို ကာကွယ်ရန် ပျက်ကွက်မှုများနှင့် ဆက်စပ်၍ သေချာစွာ စိစစ်ခြင်းကို ခံယူရန် လိုအပ်ပါလိမ့်မည်။**

၆၂။ **သင့်လျော်သော စိစစ်ရွေးချယ်မှုသည် ဒီမိုကရေစီ အုပ်ချုပ်မှု မူဘောင် တစ်ရပ် တည်ဆောက်ရာတွင် မြန်မာ့ လူ့အဖွဲ့အစည်းအား ပံ့ပိုးပေးရန်၊ စနစ်တကျ ခွဲခြားဆက်ဆံမှုများအား အမြစ်ဖြုတ် ဖယ်ရှားရန်၊နှင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကြား လူမှုရေး သဘောတူညီချက်အား ပြန်လည် ဖွင့်ဆိုသတ်မှတ်ရန် ရည်ရွယ်သည့် အသွင် ကူးပြောင်းရေး ကာလ တရားမျှတမှု လုပ်ငန်းစဉ်များ၏ အဓိက မဏ္ဍိုင်တစ်ရပ် ဖြစ်ရပါမည်။ ထိုလုပ်ငန်းစဉ် အတွက် အရေးကြီးသည်မှာ ပုဂ္ဂိုလ်ရေး ပဋိပက္ခများအား ဖြေရှင်းရန်၊ တရားဥပဒေ စိုးမိုးမှုအား ထိန်းသိမ်းတည့်မတ်ရန်နှင့် မတရား ဖမ်းဆီးခံရသူများ၊ အကျင့်ပျက် ခြစားသော တရားစီရင်ရေး လုပ်ထုံးလုပ်နည်းကြောင့် အတိဒုက္ခရောက်သူများ၊ အတင်းအကျပ် အစဖျောက်ခံရသူများ၊ ညှင်းပန်းနှိပ်စက် ခံရသူများနှင့် ဆိုးရွားစွာ ပြုမူဆက်ဆံခံရသူများ အပါအဝင် လူတိုင်း အတွက် ထိရောက်သော ကုစားမှုများ ရရှိနိုင်ရန် တာဝန်ပေးထားသော စနစ် ယန္တရားများနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆိုင်ရာ လွတ်လပ်မှု ရှိစေရေး အတွက် သေချာဆောင်ရွက်ရပါမည်။**

၆၃။ ဤအစီရင်ခံစာနှင့် ယခင် OHCHR ၏ အစီရင်ခံစာများတွင် မှတ်တမ်းပြုစုထားသည့် အတိုင်း အရပ်သား လူထု အတွက် အခြေခံ ကျန်းမာရေး ဝန်ဆောင်မှုများ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာ ပံ့ပိုးမှုများ ရရှိနိုင်စေမည့် အခြေအနေများ ဖန်တီးပေးနိုင်ရန် သိသာထင်ရှားသော စိတ်ကျန်းမာရေး ဆိုင်ရာ ပြဿနာများနှင့် လိုအပ်ချက်များ သာမက အရည်အချင်း ပြည့်မီသော စိတ်ကျန်းမာရေး ဝန်ထမ်းများ လောက်ငမှု မရှိခြင်း စသည့်ကိစ္စရပ်များကို အထူး အလေးပေးရန်နှင့် သင့်လျော်သော လုပ်ငန်းစဉ်များအား နှောင့်နှေး ကြန့်ကြာခြင်း မရှိဘဲ ချမှတ် အကောင်အထည် ဖော်ရန် လိုအပ်ပါသည်။

၆၄။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အထက်ပါ တွေ့ရှိချက်များကို ထည့်သွင်းစဉ်းစားလျက် မြန်မာ နိုင်ငံ၏ လက်ရှိ အခြေအနေ တစ်ရပ်လုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးသို့ လွှဲပြောင်းပေးရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအား ၎င်း၏ အကြံပြု တိုက်တွန်းချက်ဖြင့် ထပ်မံ တင်ပြအပ်ပါသည်။

၆၅။ ထို့အပြင် ကုသလမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက မြန်မာ စစ်တပ်အား အောက်ပါ အချက်များ အတိုင်း တောင်းဆိုလိုက်သည်။

(က) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် - S/RES/2669(2022) အရ အရပ်သားများနှင့် အရပ်ဘက် အဆောက်အအုံများ သာမက ရိုဟင်ဂျာများ အပေါ် ဦးတည် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှု အားလုံးကို ချက်ချင်း ရပ်တန့်ရန်။

(ခ) ရိုဟင်ဂျာ လူထု၏ သေဆုံးမှု၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် ထိခိုက် နာကျင်မှု၊နှင့် ဆိုးရွားလာသော ဘဝ အခြေအနေများကို အထူးပြုလျက် အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော ကြားဖြတ် အစီအမံများကို အပြည့်အဝနှင့် အချိန်မီ အကောင်အထည် ဖော်ရန်။

(ဂ) လူ့အခွင့်အရေး ဆိုင်ရာ တာဝန် ဝတ္တရားများကို လေးစားလိုက်နာပြီး သက်ဆိုင်ရာ နေရာများတွင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေကို ကျင့်သုံးလိုက်နာရန်။

(ဃ) နိုင်ငံရေး အကျဉ်းသား အားလုံးကို နောက်ထပ် နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ လွှတ်ပေးရန်နှင့် တရားစီရင်ရေးအား လက်နက်သဖွယ် အသုံးချ၍ နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် တရားစွဲ အရေးယူမှုများအား ရပ်တန့်ရန်။

(င) လွတ်လပ်ခွင့် ဆုံးရှုံးနေသော ဖမ်းဆီးချုပ်နှောင်ခံရသူများ အပေါ် ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ဆိုးရွားစွာ ဆက်ဆံမှု သာမက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေမှုကို ချက်ချင်း ရပ်တန့်ရန်၊နှင့် ၎င်းလုပ်ရပ်များအား တားမြစ်ပိတ်ပင်ရန် ရည်ရွယ်၍ အမိန့်ပေး ကွပ်ကဲမှု အဆင့်ဆင့်တွင် ရှင်းလင်းသော အမိန့်များ ထုတ်ပြန်ရန်။

(စ) လွတ်လပ်ခွင့် ဆုံးရှုံးနေသော ဖမ်းဆီးချုပ်နှောင်ခံရသူများအား လိုအပ်သော ဆေးဝါး ကုသမှု ပေးခြင်း အပါအဝင် ၎င်းတို့၏ အသက်ရှင်သန်ခွင့်နှင့် မိမိခန္ဓာကိုယ်အား ညှင်းပန်းနှိပ်စက်မှုမှ ကင်းလွတ်ခွင့် ရှိရေးအား လေးစားလိုက်နာရန်နှင့် ကာကွယ်စောင့်ရှောက်ရန်။

(ဆ) သန့်ရှင်းရေး အခြေအနေ၊ အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ မိသားစု တွေ့ဆုံခွင့်နှင့် လွတ်လပ်ခွင့် ဆုံးရှုံးသည့် ဖမ်းဆီးချုပ်နှောင်ရာ နေရာ အတွင်း လွတ်လပ်သော စောင့်ကြည့်လေ့လာသူများ ဝင်ရောက်ခွင့် ရရှိရေးတို့ကို သေချာစေခြင်းဖြင့် ဖမ်းဆီးချုပ်နှောင်ထားသည့် အခြေအနေများ အမြန်ဆုံး တိုးတက်မှု ရှိစေရေး အတွက် အရေးပေါ် အစီအမံများ ချမှတ်ရန်။

(ဇ) နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော အဓမ္မ စစ်သား စုဆောင်းခြင်းနှင့် စစ်မှုထမ်း ဆင့်ခေါ်ခြင်း လုပ်ရပ်အားလုံးကို ရပ်တန့်ရန်။

(ဈ) လူ့အခွင့်အရေး အခြေအနေနှင့် အရပ်သား လူထုအား ကာကွယ်စောင့်ရှောက်မှု အခြေအနေ အပေါ် သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှု မရှိသော စောင့်ကြည့် လေ့လာခြင်းနှင့် အစီရင်ခံ တင်ပြခြင်း လုပ်ငန်းစဉ်အား ပံ့ပိုးပေးနိုင်ရန် OHCHR အား မြန်မာနိုင်ငံသို့ အဓိပ္ပာယ် ပြည့်ဝစွာ ဝင်ရောက် တာဝန် ထမ်းဆောင်ခွင့် ပြုရန်။

၆၆။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) အား အောက်ဖော်ပြပါ အချက်များဖြင့် ထပ်မံ အကြံပြု တိုက်တွန်းနေပါသည်။

(က) **အကျဉ်းထောင်နှင့် အခြား ထိန်းသိမ်းရေး စခန်းများတွင် တာဝန်ယူထားသူများ အပါအဝင် ကျူးလွန်သူများကို ဖော်ထုတ်နိုင်ရန်နှင့် အနာဂတ်တွင် ၎င်းတို့အား တာဝန်ခံစေရန် ရည်ရွယ်၍ စစ်တပ် ထိန်းချုပ်ထားသော ထိန်းသိမ်းရေး စခန်းများတွင် ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို သေချာစွာ စောင့်ကြည့်လေ့လာရန်နှင့် မှတ်တမ်းတင်ရန်။**

(ခ) **လွတ်လပ်ခွင့် ဆုံးရှုံးသော ဖမ်းဆီးထိန်းသိမ်းခံရသူ အားလုံးကို လူသားဆန်စွာ ဆက်ဆံခြင်း၊ အသက်နှင့် ခန္ဓာကိုယ် အပေါ် အကြမ်းဖက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများမှ ရှောင်ကြဉ်ခြင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် အညီ လူ့အခွင့်အရေး ချိုးဖောက်သူများအား တာဝန်ခံမှု ရှိစေခြင်းတို့ အပါအဝင် ၎င်း၏ ထိန်းချုပ်မှုအောက်ရှိ မြေပြင်တပ်ဖွဲ့များနှင့် အပေါင်းအပါ တပ်ဖွဲ့ဝင်များသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးကို အပြည့်အဝ လေးစား လိုက်နာရန်။**

(ဂ) **စိတ်ကျန်းမာရေး ဝန်ဆောင်မှု ပေးရာတွင် လစ်ဟာမှုများအား ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ လိုအပ်ချက်များကို ဆန်းစစ်လေ့လာခြင်းနှင့် မြေပြင်အဆင့်၌ အထူးသဖြင့် ဒေသန္တာရ အခြေပြု အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူငယ် အဖွဲ့များမှ ဆောင်ရွက်နေသော စိတ်ပိုင်း ဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များအား အကဲဖြတ်ခြင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အပြင် ပို့ချ သင်ကြားပေးမည့် အစီအစဉ်နှင့် လုံလောက်သော အရင်းအမြစ်များဖြင့် အားဖြည့်ပေးရန်။**

(ဃ) **စစ်တပ် အာဏာသိမ်းမှု၏ အကျိုးဆက်ကြောင့် ထိခိုက်ခံစားရသော ပြည်သူများအား ထောက်ပံ့ရန် ရည်ရွယ်၍ ခေတ်မီပြီး လူ့အခွင့်အရေး အခြေခံသည့်၊ ပြည်သူ့ ဗဟိုပြု၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိတ်ကျန်းမာရေး စနစ် တစ်ရပ် ထူထောင်နိုင်မည့် အခြေအနေကို ဖန်တီးပေးခြင်း အားဖြင့် ဝန်ဆောင်မှုအား လူထု တစ်ရပ်လုံးက ပိုမို လက်လှမ်းမီစေရန် စိတ်ကျန်းမာရေး အထောက်အပံ့၊ သင်ကြားပို့ချမှုနှင့် အစီအစဉ်များအား ထိန်းသိမ်းချဲ့ထွင်ရန်။**

၆၇။ **ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များကို အောက်ပါအချက်များဖြင့် ထပ်မံ အကြံပြုပါသည်။**

(က) **ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်စွာ ပြုမူဆက်ဆံမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကဲ့သို့သော အသက်နှင့် ကိုယ်ခန္ဓာ အပေါ် အကြမ်းဖက်ခြင်း အပြင် လူ့ဂုဏ်သိက္ခာ ကျဆင်းစေသည့် လုပ်ရပ်များကို ရှောင်ကြဉ်ခြင်းနှင့် လွတ်လပ်ခွင့် ဆုံးရှုံးသော ဖမ်းဆီးထိန်းသိမ်းခံရသူများ အပေါ် လူသားဆန်စွာ ဆက်ဆံခြင်း အားဖြင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေကို အပြည့်အဝ လေးစားလိုက်နာရန်။**

(ခ) **သေဒဏ်ပေးခြင်းကို ရှောင်ကြဉ်ရန်နှင့် ၎င်းတို့၏ ဩဇာအာဏာ သက်ရောက်သော ဒေသန္တရ တရားရေး စနစ်များသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေကို အပြည့်အဝ လိုက်နာပြီး နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများကို လိုက်နာကျင့်သုံးစေရန်။**

(ဂ) **၎င်းတို့၏ တပ်ဖွဲ့ဝင်များထဲမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ အတွက် စိတ်ကျန်းမာရေး ပညာပေးမှုအား စတင် မိတ်ဆက်ပေးရန်နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၎င်းတို့ ထိန်းချုပ်ထားသော ဒေသများရှိ ပြည်သူလူထု အတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမို ကျယ်ပြန့်စွာ လွှမ်းခြုံပေးနိုင်ရန်။**

၆၈။ **ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အဖွဲ့ဝင်နိုင်ငံများအား အောက်ပါအတိုင်း တိုက်တွန်းပါသည်။**

(က) **မြန်မာ နိုင်ငံ၏ အခြေအနေသည် ဆက်လက် ဆိုးရွားနေသောကြောင့် နိုင်ငံ အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို အာရုံစိုက်မှု အပြည့်အဝ ထားရှိရန်နှင့် မှတ်တမ်းတင်ခြင်းနှင့် ကျူးလွန်သူများအား တာဝန်ခံမှု ရှိစေရေး ကြိုးပမ်းမှု အားလုံးကို တက်ကြွစွာ ပံ့ပိုးပေးရန်။**

(ခ) **အသွင်ကူးပြောင်းရေး ကာလ တရားမျှတရေး လုပ်ငန်းစဉ်များကို ထည့်သွင်း သုံးသပ်ရာ၌ အနာဂတ်တွင် ဒီမိုကရေစီနည်းကျပြီး တည်ငြိမ်အေးချမ်းသည့် မြန်မာ နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အတွက် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်း တစ်ရပ် အနေဖြင့် စစ်တပ်နှင့် အခြား အဖွဲ့အစည်းများက**

**ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အခြားသော နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ အတွက် တာဝန်ခံမှု ရှိရေး ဆက်လက် တောင်းဆိုရန်။**

(ဂ) **စိတ်ကျန်းမာရေး ဆိုင်ရာ အမြင်ဖွင့်ခြင်း၊ ပညာ သင်ကြားရေးနှင့် ဝန်ဆောင်မှုပေးခြင်းအား အားဖြည့်ရေးကို ရည်ရွယ်သော အစီအစဉ်များနှင့် လှုပ်ရှားမှုများကို နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ ပံ့ပိုးပေးရန်နှင့် အရည်အချင်း ပြည့်မီသော ပညာရှင်များ မွေးထုတ်ခြင်း အပါအဝင် လုပ်ငန်း လည်ပတ်နိုင်သည့် စိတ်ကျန်းမာရေး စနစ် တစ်ရပ် တည်ထောက်ရန် အတွက် လိုအပ်သော အခြေအနေများ ဖန်တီးပေးရန်။**

(ဃ) **လူဦးရေ အများအပြား ရှိသော မြန်မာနိုင်ငံ၏ ပြည်နယ်များ၌ စိတ်ကျန်းမာရေး အသက်မွေး ဝမ်းကြောင်း ပညာရေး အတွက် ရေရှည် လိုအပ်ချက်များနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို စတင် ဖြေရှင်းရန် စိတ်ကျန်းမာရေး ပညာရှင်များ အတွက် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များနှင့် ပညာရေး ဆိုင်ရာ အခွင့်အလမ်းများကို ခွင့်ပြုအားပေးသင့်သည်။**

(င) **ဖမ်းဆီးထိန်းသိမ်းခံရစဉ်နှင့် ၎င်းမှ လွတ်မြောက်ပြီးချိန်တွင် နိုင်ငံရေး အကျဉ်းသားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရှေ့နေ/ ဥပဒေ အကြံပေးများကို ထောက်ပံ့ရန် အတွက် အရပ်ဘက် လူမှု အဖွဲ့အစည်းများ ထံသို့ ပြောင်းလွယ်ပြင်လွယ် ရှိပြီး တိုက်ရိုက် ရံပုံငွေ ထောက်ပံ့မှု ပြုရန်။**